## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး
## ဆဋ္ဌမနေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်**

**(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့အစီအစဉ် စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၄၂၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၇.၀၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၇-၂-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော် ကိုယ်စားလှယ်များ၏စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့ လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၂၀ ဦး ရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၅ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၃ ရက်၊

(၂) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၃ ရက်၊

(၃) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဦးကျော်ဝင်း ခွင့် ၁ ရက်၊

(၄) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၃ ရက်နှင့်

(၅) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၃ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ယူထားသူ ၈ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၅ ဦး စုစုပေါင်း ၁၃ ဦးတို့ဖြစ်ပါတယ်။ အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၈ ဦး ယနေ့ခွင့်ပြုထားသူ ၅ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကိုအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးစိုင်းထွန်းအောင်၊ ကျောက်မဲ မဲဆန္ဒနယ်၏ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကျောက်မဲ မြို့နယ်ဒေသအတွင်းဖြစ်ပွားနေသော တိုက်ပွဲများကြောင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများ ဒုက္ခများစွာကြုံတွေ့နေရပါသဖြင့် အမြန်ဆုံး တိုက်ပွဲများ ရပ်ဆိုင်းနိုင်ရေးနှင့် စစ်ဘေးရှောင်ပြည်သူများ၏ လူမှုဒုက္ခများအား အမြန်ဆုံးဖြေရှင်း ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့ အစည်းများအားလုံးအား တိုက်တွန်းကြောင်း အရေးကြီးအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းထွန်းအောင် တင်သွင်းသွားတဲ့ အရေးကြီးအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၃ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၂)နှင့် နည်းဥပဒေခွဲ(ဂ)တို့အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအရေးကြီးအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၂ ဦးရှိပါတယ်။ လွှတ်တော်အစည်းအဝေးတွင် ကိုယ်စားလှယ်များဆွေးနွေးရာ၌ လိုက်နာရမယ့် စည်းကမ်းများကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၉ မှာ ပြဋ္ဌာန်းထားပါတယ်။ (က) ကာကွယ်ရေး၊ လုံခြုံရေးနှင့် နိုင်ငံတော်လျှို့ဝှက်ချက်ကိစ္စများကို တံခါးပိတ်အစည်းအဝေးမှအပ အခြားအစည်းအဝေး၌ တင်ပြခြင်းမပြုရ။ (ခ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချင်းချင်းရိုင်းပင်းကူညီရေး၊ ချစ်ကြည်လေးစားရေးတို့ကို ထိခိုက်ပျက်ပြားစေမည့် စကားမပြောဆိုရ။ (ဂ) မည်သည့် ဘာသာ၊ သာသနာနှင့် ဓလေ့ထုံးတမ်းကိုမျှ ပုတ်ခတ်ပြောဆိုခြင်းမပြုရ။ (ဃ) နိုင်ငံရေးပါတီတစ်ခုခုကို ထိပါးပုတ်ခတ်ပြောဆိုခြင်းမပြုရ။ (င) တရားရုံးတစ်ရုံးက ဆုံးဖြတ်ချက်မချမှတ်ရသေးသော မည်သည့်ကိစ္စကိုမျှ ရည်ညွှန်းထည့်သွင်းပြောဆိုခြင်းမပြုရ။ (စ)လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးအား ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် စွပ်စွဲပုတ်ခတ်ပြောဆိုခြင်းမပြုရ။ (ဆ)လွှတ်တော်ပရဝဏ်အတွင်းတွင်ဖြစ်စေ၊ လွှတ်တော်တွင်ဖြစ်စေ၊ လွှတ်တော်အဖွဲ့အစည်းတစ်ရပ်ရပ်တွင်ဖြစ်စေ ပြောကြားဆွေးနွေးချက်များကို ထိပါးပုတ်ခတ်ပြောဆိုခြင်းသော်လည်းကောင်း၊ ယင်းအစည်းအဝေးများတွင် ဆောင်ရွက်သည့်ကိစ္စများကို မဖွယ်မရာသော အသုံးအနှုန်းဖြင့် ပြောကြားခြင်းသော်လည်းကောင်းမပြုရ။ (ဇ) နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်သော နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် လုံခြုံရေးကို ထိခိုက်စေသော စကားမပြောဆိုရ။ (ဈ)ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လွှတ်တော်၏အစဉ်အလာများနှင့် ထုံးတမ်းများကို ဖောက်ဖျက်ပြောဆိုခြင်းမပြုရ။ (ည) ရန့်ရင်းကြမ်းတမ်းသော ကိုယ်အမူအရာ၊ နှုတ်အမူအရာများ မပြုရ။ (ဋ) ဆွေးနွေးပြီးပြတ်ပြီးသော ကိစ္စရပ်တစ်ရပ်ကို ထပ်မံတင်ပြခြင်းမပြုရ။ (ဌ) ဆွေးနွေးဆဲကိစ္စတစ်ခုနှင့် တိုက်ရိုက်မသက်ဆိုင်သောစကားမပြောဆိုရ။ (ဍ) လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးရာ၌ မိမိကိုယ်မိမိ အမွှမ်းတင်ခြင်း၊ အခြားပုဂ္ဂိုလ်များအား သိက္ခာချခြင်း၊ မသမာသောနည်းဖြင့် ဆွေးနွေးခြင်း မပြုရစသည့် စည်းကမ်းချက်များရှိတာကို လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအား အသိပေးပါတယ်။ ဒါကြောင့် ယခုဆွေးနွေးကြမယ့် ကိုယ်စားလှယ်များအနေနဲ့ ဒီအချက်တွေကို အထူးလိုက်နာကြဖို့နဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အပြုသဘောဆောင်တဲ့ ဆွေးနွေးမှုများကိုသာ

ဆွေးနွေးစေလိုပါတယ်။ ဒါကြောင့် ပထမဦးစွာ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းစိန်(မိုင်းပျဉ်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာဖြင့် ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန် ဖြစ်ပါတယ်။ ယနေ့ကျင်းပသော ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ ဦးစိုင်းထွန်းအောင်၊ ကျောက်မဲ မဲဆန္ဒနယ်၏ အရေးကြီးအဆိုကို အပြုသဘောဖြင့် ထောက်ခံဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်နှင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများမှာ ယခုရက်ပိုင်း ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့ တိုက်ပွဲများဖြစ်ပွားကာ ဒေသအတွင်းနေ မိဘပြည်သူများ အတိဒုက္ခရောက်ကြရပြီး စစ်ဘေးရှောင်ဘဝအဖြစ် လူသားတို့၏ အခွင့် အရေးများ နစ်နာဆုံးရှုံးလျက်ရှိကြောင်း ဝမ်းနည်းဖွယ်ရာ ကြားသိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့တို့ အကြား ချုပ်ဆိုသော တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကို ၁၅-၁၀-၂၀၁၅ ရက်နေ့ မှာ နေပြည်တော် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနမှာ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်ခေါင်းဆောင်များ၊ ပြည်တွင်းပြည်ပ အသိသက်သေများ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီလက်မှတ်ရေးထိုးပွဲတွင် ပြည်တွင်းငြိမ်းချမ်းရေးကို မြတ်နိုးတဲ့ တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့က တရားဝင် ပါဝင်လက်မှတ်ရေးထိုးခဲ့သော်လည်း ကျန်တဲ့လက်နက်ကိုင် တပ်ဖွဲ့အချို့က ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းမရှိသေးပါ။ ယခုဖြစ်စဉ်မှာ တိုင်းရင်းသားလက်နက် ကိုင်အချင်းချင်း ရှမ်းပြည်နယ်ဒေသအတွင်း သွားလာနေထိုင်ကြခြင်းဖြင့် နားလည်မှုလွဲမှားကာ တိုက်ပွဲ များ ဖန်တီးဖြစ်ပွားခဲ့တယ်လို့ ထင်မြင်ယူဆမိပါတယ်။ ကျွန်တော်တို့ တစ်နိုင်ငံလုံးအပစ်ခတ်ရပ်စဲမှုမှာ အချင်းချင်းတပ်များ ထိုးစစ်ဆင်မှုကို ရပ်ဆိုင်းပြီးတော့မှ ဘာသာရေးအဆောက်အအုံ၊ စာသင်ကျောင်း များ၊ ဆေးရုံဆေးခန်းများ၊ လူထုနှင့်ပတ်သက်တဲ့နေရာများမှာ စစ်ရေးဆိုင်ရာတပ်စခန်းများ ချမှတ်ခြင်း မပြုရန်ဆိုတာလည်း ပါရှိပြီးဖြစ်ပါတယ်။ ပါဝင်လက်မှတ်ရေးထိုးထားခြင်းမရှိတဲ့ တိုင်းရင်းသား လက်နက်ကိုင်အချို့နဲ့ လက်မှတ်ရေးထိုးထားပြီးဖြစ်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့ မိမိတို့နယ်မြေအတွင်း အချင်းချင်းနားလည်မှုလွဲမှားပြီး လူမျိုးရေးရှေ့တန်းတင်မှုဖြင့် ထိပ်တိုက်ရင်ဆိုင်

တိုက်ပွဲများ ဖြစ်ပွားတဲ့အတွက် တည်ငြိမ်အေးချမ်းနေတဲ့ ကျွန်တော်တို့ ရှမ်းပြည်နယ်ဒေသအချို့မှာ ပူလောင်ပြင်းပြတဲ့ သေနတ်သံ၊ မိုင်းသံ၊ ယမ်းသံတို့နှင့် ဖုံးလွှမ်းပြီးတော့မှ ပြည်သူများ ဆင်းရဲဒုက္ခ ရောက်နေကြရပြီ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ဆိုသည်မှာ အားပြိုင်မှု၊ တင်းမာမှု၊ အနိုင်ရယူလိုမှု စသဖြင့် ရုပ်ပိုင်း ဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လှုံ့ဆော်ပြီး စစ်ရေးမဟာဗျူဟာ၊ နည်းဗျူဟာအရ သုံးသပ်ကာ တိုက်ပွဲဆင်နွှဲ ကြရခြင်းဖြစ်ပါတယ်။ စစ်ကြောင့် နှစ်ဦးနှစ်ဖက်သေဆုံးမှုများ၊ ဒဏ်ရာရမှုများ ရရှိခံစားမည့်အပြင် စစ်ပွဲအတွင်း ပိတ်မိနေတဲ့ မိဘပြည်သူများအဖို့လည်း စစ်ဒဏ်ကို အနည်းနဲ့အများ ခံစားကြရမှာ ဖြစ်ပါတယ်။ အရေးကြီးအဆိုမှာ ပါဝင်တဲ့ဒေသအတွင်း စစ်ဘေးရှောင်မိဘပြည်သူများအနေဖြင့် မိမိ တို့ရဲ့ အသက်အိုးအိမ်စည်းစိမ်ကို စွန့်လွှတ်ကာ လုံခြုံမှုကောင်းမွန်တဲ့အရပ်ဒေသများသို့ ထွက်ပြေး တိမ်းရှောင်နေကြရပြီးလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ် စွာဖြင့် မိမိဒေသအကျိုးကို တက်ညီလက်ညီ အကောင်အထည်ဖော်ဆောင်နေရမည့်အစား လက်နက် အားနဲ့ ပစ်ခတ်တိုက်ခိုက်နေကြခြင်းသည် ပြည်သူများအတွက် အလုပ်အကိုင်ဆုံးရှုံးရုံသာမက ရပ်စွန့် ရွာစွန့်ဘဝဖြင့် ဆင်းရဲဒုက္ခရောက်နေကြရသည့်ဘဝမှာ ဘယ်သူ့ကို အပြစ်တင်ရပါမည်နည်း။ ၎င်းဒေသရဲ့ စစ်ရေးအနိုင္ဂရုံများကို တာဝန်ရှိအဖွဲ့အစည်းများက ညှိနှိုင်းစေ့စပ်သဘောတူဆုံးဖြတ် ပေး၍ စစ်ဘေးရှောင် မိဘပြည်သူများ၏ လူမှုဒုက္ခများကို အမြန်ဆုံးဖြေရှင်းပေးရန်လည်း လိုအပ်နေ ပြီဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံကို အေးချမ်းသာယာတဲ့ ဒီမိုကရေစီနိုင်ငံတော် သစ်အဖြစ် လျှောက်လှမ်းချီတက်နေစဉ်ကာလအတွင်းမှာ မည်သည့်အခါမျှ မရရှိသေးတဲ့ တစ်နိုင်ငံလုံး အပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပြီး အေးချမ်းသာယာတဲ့ဒေသ အချို့မှာလည်း အေးချမ်းနေကြသလို၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို တစ်စတစ်စ ရရှိခံစားလာရပြီးဖြစ်ပါတယ်။ ယင်းကဲ့သို့ အောင်မြင်မှုအသီးအပွင့်များ အထိုက်အလျောက် ရရှိလာချိန်မှာ အပစ်အခတ်ရပ်စဲရေးမှာ မပါဝင်သေးတဲ့ လက်နက်ကိုင်အဖွဲ့အစည်းများ အားလုံးကိုလည်း မိမိတို့လိုချင်တဲ့ ရည်မှန်းချက်များကို တင်ပြတောင်းဆိုပြီး တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်အတွင်းသို့ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဤလွှတ်တော်ကြီးအတွင်းမှ လှိုက်လှိုက်လှဲလှဲတိုက်တွန်းအပ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုမှာ ပါရှိတဲ့အတိုင်း တိုက်ပွဲများကြောင့် စာမေးပွဲဖြေဆိုနေကြရတဲ့ ကျောင်းသားကျောင်းသူများ အေးချမ်းစွာစာမေးပွဲဖြေဆိုနိုင်ရေး၊ စစ်ဘေး ရှောင်မိဘပြည်သူများ လူမှုဒုက္ခအပေါင်းမှ ကင်းဝေး၍

မိမိတို့ရဲ့လုပ်ငန်းများကို စိတ်လက်ကြည်သာစွာ လုပ်ကိုင်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးမှ အမြန်ဆုံးကူညီဖြေရှင်းပေးနိုင် ရေး ဦးစိုင်းထွန်းအောင်၊ ကျောက်မဲမဲဆန္ဒနယ်ရဲ့အဆိုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံဆွေးနွေး တင်ပြ အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအဆိုနဲ့ပတ်သက်လို့ ယနေ့ဆွေးနွေးကြမယ့် လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးရှိပါတယ်။ ပြီးရင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဆွေးနွေးမှာလည်း ဝန်ကြီးဌာန လေးခုရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဆွေးနွေးမယ့်အချိန်ကို ခြောက်မိနစ်သတ်မှတ်ထားပါတယ်။ ခြောက်မိနစ်အတွင်း မိမိတို့ရဲ့ဆွေးနွေးချက်များကို ပြီးပြည့်စုံအောင် ဆွေးနွေးပေးဖို့လည်း ဦးစွာ ပြောကြားလိုပါတယ်။ စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်းက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(စစ်ကိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း ဖြစ်ပါတယ်။ ဆွေးနွေးမှာကတော့ ကျောက်မဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင် တင်သွင်းတဲ့ အရေးကြီး အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဦးစိုင်းထွန်းအောင်ရဲ့အဆိုမှာ ပါဝင်တဲ့ အချက်အလက်များအရ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသနှင့် ကျောက်မဲမြို့နယ်၊ နမ့်ခမ်းမြို့နယ်ဒေသအတွင်း ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့မှစတင်ပြီး တိုက်ပွဲများဖြစ်ပွားခဲ့ ကြောင်း၊ ကျေးရွာအုပ်စုသုံးအုပ်စုမှ အရပ်သားများ ထောင်နဲ့ချီပြီး ဘေးလွတ်ရာပြေးခဲ့ကြရကြောင်း၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ အပါအဝင် ပြည်သူ ၃၀၀ ခန့် ထွက်ပြေးခဲ့ရကြောင်း ခြောက်ဦးမှာ အသတ်အဖြတ်ခံရကြောင်း၊ ဆရာတော်တစ်ပါးအား ဖမ်းဆီးထားပြီး နေအိမ်သုံးလုံး မီးရှို့ခံရကြောင်း ဖော်ပြထားပါတယ်။ ပစ်ခတ်တိုက်ခိုက်သတ်ဖြတ်ကြတဲ့အဖွဲ့အစည်းအမည်များ ဖော်ပြထားသည်ကိုတော့ မတွေ့ရပါဘူး။ မီဒီယာများ၊ ဂျာနယ်များမှာ သတင်းအဖြစ်ပါပြီးဖြစ်တဲ့အတွက် ဘယ်အဖွဲ့အစည်းတွေဖြစ်တယ်ဆိုတာ အားလုံးသိကြပြီးဖြစ်မှာပါ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ အဆိုပါတင်ပြချက်ဖြစ်ရပ်များဟာ အင်မတန်မှ ဝမ်းနည်းကြေကွဲဖွယ်ရာဖြစ်ရပ်များပါ။

**မူကြမ်း**

အလားတူ ဒီလိုကြေကွဲဖွယ်ရာအဆိုများ ဆွေးနွေးမှုများကို ပထမအကြိမ်လွှတ်တော်မှာလည်းပဲ ကျွန်တော်တို့တွေ ဝမ်းနည်းကြေကွဲစွာ ဆောင်ရွက်ခဲ့ကြပြီးဖြစ်ပါတယ်။ ကံမကောင်းအကြောင်း မလှခဲ့တဲ့ မြန်မာပြည်ဟာ လွတ်လပ်ရေးနှင့်အတူ တစ်ပါတည်းပါလာခဲ့တဲ့ ဖွားဖက်တော်အဖြစ် ပြည်တွင်းစစ်ဒဏ်ကိုပါ ခံစားခဲ့ရပါတယ်။ ပြည်တွင်းစစ်ကြောင့် ပြည်သူတွေ ပြည်သူ့ဘဏ္ဍာငွေတွေနှင့် တကွ အသက်အိုးအိမ်စည်းစိမ်များလည်း ဆုံးရှုံးခဲ့ကြရပါတယ်။ လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ် ကတည်းက မြန်မာပြည်ရဲ့နန်းရင်ပြင်ဟာ နှင်းဆီရောင်တွေစွန်းထင်းခဲ့ရပါတယ်။ ဒီနေ့အချိန်အထိ တိုင်းပြည်ရဲ့အနာဟာ မကျက်သေးပါဘူး။ လွတ်လပ်ရေးရခဲ့တာ ၆၈ နှစ်တိုင်ခဲ့သော်လည်း စစ်မှန်တဲ့ ငြိမ်းချမ်းရေးမရသေးပါဘူး။ ပြည်နယ်တွေ၊ နယ်စပ်ဒေသတွေမှာ ပစ်ခတ်တိုက်ခိုက်သတ်ဖြတ်နေကြတဲ့ အတွက် ရိုးသားလှတဲ့တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ၊ ကလေးတွေနှင့်တကွ မိဘပြည်သူတွေ ဟာ ဒုက္ခတွေပင်လယ်ဝေပြီး ညတာရှည်အိပ်မက်ဆိုးကြီးက ကယ်မယ့်သူဝေးကာ လူချင်းမတူသူချင်း မမျှ၊ ဥလည်းကွဲ အသိုက်တွေလည်းပျက်ခဲ့တာ ကြာခဲ့ပါပြီ။ စီးပွားရေး၊ ကြီးပွားရေး၊ တိုက်ဆောက်၊ ကားစီးဖို့မစဉ်းစားဘဲ တစ်နှစ်တာမိသားစုစားဖို့ တောင်ယာစပါးလေးရရင် ကျေနပ်နေတဲ့ပြည်သူ တွေဟာ ပဋိပက္ခတွေကြောင့် တောင်ယာမလုပ်ရ၊ အသတ်အဖြတ်ခံရ၊ ရွာကျောင်းကတုန်းမောင်း ဟာလည်းပဲ ကျည်ဆံရာဗလဗွနဲ့ ထုံအလို့နေပါပြီ။ ကလေးတွေ စာမသင်ရတော့ပါဘူး။ အသက်ကိုပင် စိတ်မချရတဲ့ အေးခဲတဲ့ဒဏ်၊ နေပူမိုးရွာမရှောင် စစ်ပြေးနေရတဲ့ဘဝတွေကနေ လွတ်မြောက်သင့်ပါပြီ။ ငြိမ်းချမ်းသင့်ပါပြီ။ မငြိမ်းချမ်းနိုင်သေးတာကတော့ အကြောင်းအမျိုးမျိုး၊ ပြဿနာအမျိုးမျိုးရှိမှာပါ။ ဒီပြဿနာတွေကို ငြိမ်းချမ်းတဲ့နိုင်ငံရေးနည်းနဲ့ ဆွေးနွေးအဖြေရှာပြီး ဗမာအပါအဝင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေ စိုးရိမ်ပူပန်ကြောင့်ကြမှုတွေကင်းဝေးပြီး ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်တဲ့၊ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်ဖို့၊ စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး ရရှိဖို့ ဆောင်ရွက်ရန်မှာ အင်မတန်မှ အရေးကြီးလှပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ အပြောသာမဟုတ်။ မေတ္တာရှေ့ထားပြီး စိတ်ရင်း စေတနာအမှန်နဲ့ လုပ်ကိုင်ဆောင်ရွက်ကြမှသာ စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို ရရှိမှာ ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ဦးစိုင်းထွန်းအောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျောက်မဲ မဲဆန္ဒနယ် တင်သွင်းတဲ့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကျောက်မဲမြို့နယ်ဒေသအတွင်း ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ မိဘပြည်သူများ ဒုက္ခများစွာ ကြုံတွေ့နေရပါသဖြင့် အမြန်ဆုံးတိုက်ပွဲများရပ်ဆိုင်းနိုင်ရေးနှင့် စစ်ဘေးရှောင်ပြည်သူများ

၏လုပ်ငန်းဒုက္ခများအား အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးအား တိုက်တွန်းကြောင်း အရေးကြီးအဆိုကို ထောက်ခံပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းထူး(နမ့်ဆန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထူးဖြစ်ပါတယ်။ မနေ့က ဦးစိုင်းထွန်းအောင်၊ ကျောက်မဲမဲဆန္ဒနယ်က တင်သွင်းခဲ့တဲ့ ဒီအရေးကြီးအဆိုနဲ့ပတ်သက် ပြီးတော့မှ ကျွန်တော့်မဲဆန္ဒနယ်မှာ ဖြစ်ပျက်နေတဲ့ အခြေအနေနဲ့ ကျွန်တော်တို့စစ်မှန်တဲ့ ငြိမ်းချမ်းရေး ဖြစ်ပေါ်လာဖို့အတွက်ကို အချက်သုံးချက်နဲ့ ကျွန်တော် အလေးပေးပြီးတော့မှ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပထမဆုံး အရေးကြီးအဆိုမှာ ကျွန်တော်တို့က ငြိမ်းချမ်းရေးကို ဆွေးနွေးရတယ်ဆိုတာက တကယ်ပဲ ကျွန်တော်တို့နိုင်ငံက ငြိမ်းချမ်းရေး လိုအပ်နေတယ်ဆိုတာကို ဖော်ပြနေတာဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ လက်ရှိဖြစ်နေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ နမ့်ဆန်မှာဆိုရင်လည်း ပြီးခဲ့တဲ့ ၄ ရက်နေ့ ကြီးမားတဲ့မီးလောင်မှုကြီး မဖြစ်ခင် ဇန်နဝါရီလ ၂၃ ရက်နေ့မှာဆိုရင် နမ့်ဆန်မြို့အတွင်းမှာပဲ လက်နက်ကိုင်အဖွဲ့တစ်ခုနဲ့ အစိုးရတပ်မတော်တွေကြားထဲမှာ ထိတွေ့တိုက်ခိုက်မှုတွေ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အိမ်တစ်လုံး လက်နက်ကြီးထိပြီးတော့မှ လူလေးယောက် ဒဏ်ရာရခဲ့တာမျိုးတွေရှိပါတယ်။ မီးလောင်မှုဖြစ်ပြီးတော့မှ ဖေဖော်ဝါရီလ ၇ ရက်နေ့မှာဆိုရင်လည်း ကျွန်တော်တို့ NCA လက်မှတ်ထိုးတာတဲ့ အဖွဲ့တစ်ခုနဲ့ လက်နက်ကိုင်အဖွဲ့တစ်ခုကြားမှာ နမ့်ဆန်မြို့နယ်၊ ပန်ကလေးကျေးရွာနဲ့ ပန်ကလေးကျေးရွာအတွင်းမှာ ထိတွေ့တိုက်ခိုက်မှုတွေဖြစ်တဲ့အတွက်ကြောင့်မို့လို့ ရွာသားတချို့ ကျောက်မဲမြို့မှာသွားရောက်ပြီး စစ်ဘေးရှောင်နေရတာတွေရှိပါတယ်။ အဲဒီရက်ထဲမှာပဲ ကျောက်မဲမြို့နယ်၊ သော့ဆိုင်ကျေးရွာအုပ်စုနဲ့ နမ့်ခမ်းမြို့နယ် လောနော်ကျေးရွာအုပ်စုတွေမှာ ဖြစ်တဲ့တိုက်ပွဲတွေကြောင့်မို့လို့ ကျေးရွာသား ၃၀၀၀ ကျော်လောက်ဟာ ကျောက်မဲမြို့မှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းနဲ့ ကျွန်တော်တို့ မိုင်းဝီးနဲ့ နမ့်ခမ်းမှာရှိတဲ့ တအောင်း စာပေယဉ်ကျေးမှုရုံးတွေမှာ စစ်ဘေးရှောင်ဒုက္ခသည်တွေအဖြစ် သွားရောက်ပြီးတော့မှ စစ်ဘေးရှောင်နေရတာမျိုးတွေရှိပါတယ်။

ဒုတိယအပိုင်းအနေနဲ့ ကျွန်တော်တင်ပြချင်တာကတော့ NCA သဘောတူညီချက်စာချုပ်ရဲ့ အခန်း(၃)ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာကိစ္စမှာပါတဲ့ ခေါင်းစဉ်မှာရှိတဲ့ အပိုဒ် ၅ အပိုဒ်ခွဲ(ဂ) တပ်စခန်းတိုးချဲ့ခြင်းနှင့်စစ်ရေးပြင်ဆင်ခြင်းဆိုင်ရာအခန်းများ၊ ပြီးတော့မှ အခန်း(၃)အရပ်သားများ ကာကွယ်ပေးခြင်းနှင့်ပတ်သက်တဲ့ အပိုဒ် ၉ မှာဆိုရင်လည်း အပိုဒ်ခွဲ(က)ကနေ(ထ)အထိ ရေးဆွဲ ပြဋ္ဌာန်းထားတာရှိပေမယ့်လည်း ကျွန်တော်တို့ မိုင်းကိုင်ဒေသမှာရှိတဲ့ တောင်ပေါ်ဒေသမှာဆိုရင်လည်း ကျေးရွာတွေ စာသင်ကျောင်းဖွင့်လှစ်မှုနဲ့ပတ်သက်ပြီးတော့မှ ပိတ်ခံရတာမျိုးတွေ၊ စစ်သားစုဆောင်းမှု တွေရှိနေတာမျိုးတွေဟာဖြင့် ကျွန်တော်တို့ ဒါက ဒေသခံပြည်သူတွေဟာ လက်နက်ကိုင်ပဋိပက္ခ အချင်းချင်းကြားထဲမှာရှိနေတဲ့ ပဋိပက္ခတွေရဲ့မြေစာပင်ဖြစ်နေတာမျိုး ဖြစ်နေတယ်ဆိုတာကို ကျွန်တော် တို့တွေ့နေရတာဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ တအောင်းပလောင် အမျိုးသားပါတီအနေနဲ့ကလည်း ဇန်နဝါရီလ ၂၀ ရက်နေ့က တောင်ကြီးမှာရှိတဲ့ ရှမ်းပြည်နယ်အစိုးရ ရုံးမှာ နယ်စပ်ဒေသရေးရာနှင့်လုံခြုံရေးဝန်ကြီးနဲ့ တွေ့ဆုံမှုတွေရှိခဲ့ပေမယ့်လည်း ယနေ့အချိန်ထိ တိကျ တဲ့ဖြေရှင်းမှုတွေမရှိသေးတာကို ကျွန်တော်တို့တွေ့နေရတာဖြစ်ပါတယ်။ အဲဒီအပြင် NCA လက်မှတ် ထိုးထားတဲ့လက်နက်ကိုင်အဖွဲ့နဲ့ လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေကြားထဲမှာလည်း လက်နက်ကိုင် ပဋိပက္ခတွေက ပိုမိုပြင်းထန်လာတဲ့အခြေအနေရှိနေတာကို ကျွန်တော်တို့ အခုအချိန်ထိ တွေ့ရှိနေရတာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ တတိယ အပိုင်းအနေနဲ့ ကျွန်တော်တင်ပြလိုတာကတော့ (၁) NCA လက်မှတ်ထိုးပြီးထားတဲ့ လက်နက်ကိုင် အဖွဲ့မှ သဘောတူညီချက်အားလိုက်နာနိုင်ဖို့အတွက်ကို အပစ်အခတ်ရပ်စဲရေးပူးတွဲစောင့်ကြည့်ရေး ကော်မတီ GMC လိုအဖွဲ့တွေနဲ့ တခြားသက်ဆိုင်ရာအဖွဲ့တွေကနေပြီးတော့မှ စောင့်ကြည့်တားဆီးပေး ဖို့ဖြစ်ပါတယ်။ (၂) NCA လက်မှတ်မထိုးသေးတဲ့အဖွဲ့တွေကိုလည်း စစ်မှန်သောငြိမ်းချမ်းရေး ဖြစ်လာဖို့အတွက် ပြည်နယ်အဆင့်တွေ့ဆုံမှုတွေ၊ ပြည်ထောင်စုအဆင့်တွေ့ဆုံမှုတွေ ပြီးတော့မှ သူတို့ရဲ့ လက်နက်ကိုင်အဖွဲ့တစ်ခုချင်းစီပဲဖြစ်ဖြစ်၊ သူတို့စုစည်းထားတဲ့ အဖွဲ့အစည်းတွေနဲ့ပဲဖြစ်ဖြစ် တွေ့ဆုံညှိနှိုင်းမှုတွေ၊ အဖြေရှာမှုတွေလုပ်ဖို့လိုပါတယ်။ (၃) ကျွန်တော်တင်ပြချင်တာကတော့ ထာဝရ ရေရှည်တည်တံ့တဲ့ငြိမ်းချမ်းရေးကို ရရှိနိုင်ဖို့အတွက်ဆိုတာက လက်နက်ကိုင်အဖွဲ့အားလုံးပါဝင်တဲ့ အဖွဲ့တွေ ပြီးတော့မှ သက်ဆိုင်ရာပါဝင်သင့်တဲ့သူတွေ အားလုံးပါဝင်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကို အသစ်ထပ်မံပေါ်ထွက်လာမယ့်အစိုးရကနေပြီးတော့မှ ဆက်လက်အကောင်အထည်ဖော်

ဆောင်ရွက်သွားဖို့လိုအပ်တယ်ဆိုတာကို ကျွန်တော့်အနေနဲ့ ဒီစစ်ဘေးရှောင်ဒုက္ခသည်ကျောင်းနေအရွယ်ကလေးငယ်တွေ၊ ဒီစစ်ရဲ့မြေစာပင်ဖြစ်နေတဲ့ မိဘပြည်သူတွေများကိုယ်စား အမြန်အကောင်အထည်ဖော်ဆောင်ရွက်သင့်တယ်ဆိုတဲ့အကြောင်းကို ကျောက်မဲ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်တင်သွင်းတဲ့အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးရင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသန့်ဇင်(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ သီပေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စိုင်းသန့်ဇင် ဖြစ်ပါတယ်။ ကျောက်မဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင် တင်သွင်းခဲ့တဲ့အရေးကြီးအဆိုနှင့်ပတ်သက်ပြီး ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ ထောက်ခံရတဲ့အကြောင်းကသုံးချက်ရှိပါတယ်။ ပထမအချက်ကတော့ လတ်တလောအခြေအနေအရ ပြည်သူလူထုရဲ့အသက်အိုးအိမ်စည်းစိမ်ဟာ အမှန်တကယ်ဆုံးရှုံးနေရပြီး ဆက်လက်ဝိုင်းဝန်းဖြေရှင်းပေးရမယ့်ပြဿနာဖြစ်နေတာက တစ်ချက်ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ တိုက်ပွဲများဆက်လက်ဖြစ်ပွားနေတာနဲ့အမျှမထင်မှတ်နိုင်တဲ့ နောက်ဆက်တွဲပြဿနာတွေ ဆက်လက်ဖြစ်ပေါ်လာနိုင်တဲ့အချက်ဖြစ်ပါတယ်။ တတိယအချက်ကတော့ နိုင်ငံတော်က အလေးထားဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ အမျိုးသားပြန်လည် ရင်ကြားစေ့ရေးလုပ်ငန်းစဉ်များကို ထိခိုက်လာနိုင်တဲ့အချက်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအချက်အနေနဲ့ ဆွေးနွေးမယ်ဆိုလို့ရှိရင် အဆိုရှင် တင်ပြခဲ့တဲ့အတိုင်းလက်နက်ကိုင်တိုင်းရင်းသားများအကြား ဖြစ်ပေါ်တဲ့တိုက်ပွဲတွေကြောင့် တစ်ရက်တည်းမှာတင်ရာနှင့်ချီတဲ့ ဒေသခံတိုင်းရင်းသားတွေထွက်ပြေးတိမ်းရှောင်ကြရပါတယ်။ တချို့နေရာတွေမှာ အသတ်ခံရပါတယ်။ တချို့ဖမ်းဆီးခံရပါတယ်။ ဖမ်းဆီးခံရတဲ့အထဲမှာ ရဟန်းသံဃာတွေလည်းပါနေပါတယ်။ ဆရာဆရာမတွေလည်းပါနေပါတယ်။ ရှောင်ပြေးတဲ့နေရာမှာ သက်ကြီးရွယ်အိုတွေ၊ ကလေးသူငယ်တွေလည်းပါလာပါတယ်။ ရှောင်ပြေးရင်း လမ်းမှာကားမှောက်လို့အသက်ဆုံးရှုံးရတဲ့သူတွေ၊ ဆေးရုံရောက်ရတဲ့ သူတွေလည်းရှိလာပါတယ်။ မနေ့ကအထိဆိုလို့ရှိရင် စစ်ဘေးရှောင်စခန်းတွေ ၁၇ ခုထိဖြစ်လာနေပြီး စစ်ရှောင်ဒုက္ခသည်လူဦးရေလည်း ၃၄၀၀ ကျော်ရှိလာနေပြီဖြစ်ပါတယ်။ နီးရာဆွေမျိုးအသိမိတ်ဆွေတွေဆီသွားရောက်ပြီးတော့ ခိုလှုံနေရတဲ့သူတွေ အများအပြားကျန်ရှိနေပါသေးတယ်။ ဒီထဲမှာ ကျောင်းနေဆဲကျောင်းသားကျောင်းသူတွေ၊ စာမေးပွဲဖြေဆိုဆဲကျောင်းသားကျောင်းသူတွေ

ပါလာကြပါတယ်။ ကျောင်းသားကျောင်းသူစာရင်းတွေကို တိကျစွာမကောက်နိုင်သေးသော်လည်းပဲ လတ်တလောစာမေးပွဲဖြေနေကြတဲ့ စတုတ္ထတန်း၊ အဋ္ဌမတန်းကျောင်းသားကျောင်းသူတွေကို ဝိုင်းဝန်းဖြေရှင်းပေးနေကြရပါတယ်။ ပန်ဆန်အလယ်တန်းကျောင်းက စတုတ္ထတန်းကျောင်းသားကျောင်းသူ စုစုပေါင်း ၇၂ ယောက်၊ အဋ္ဌမတန်းကျောင်းသားကျောင်းသူစုစုပေါင်း ၂၂ ယောက် စုစုပေါင်း ၉၄ ယောက်ရှိနေပါတယ်။ နေ့စဉ် ကားသုံးစီးနဲ့ အ.ထ.က(၂)ကို စာမေးပွဲဖြေပေးဖို့ ပို့ပေးနေရပါတယ်။ ရွာကမထွက်လာနိုင်တဲ့မိဘတွေ စိတ်မချလို့ မိဘနဲ့အတူရှိနေတဲ့ စတုတ္ထတန်းကျောင်းသားတစ်ယောက်ကတော့ စာမေးပွဲကိုလာမဖြေနိုင်ပါဘူး။ သီဟိုဠ်ဘုန်းတော်ကြီးကျောင်းမှာတော့ တော့စန် အ.ထ.က(ခွဲ) ကျောင်းက စတုတ္ထတန်းကျောင်းသား စုစုပေါင်း ၂၇ ယောက်၊ အဋ္ဌမတန်းကျောင်းသားစုစုပေါင်း ၅၂ ယောက်ရှိနေပါတယ်။ သူတို့ကိုတော့ အ.ထ.က(၁)မှာ စာမေးပွဲဖြေဖို့စီစဉ်ပေးထားကြပါတယ်။ စစ်ရှောင်စခန်းကို ရှောင်မလာဘဲ ရွာကမခွာနိုင်လို့ စာမေးပွဲမဖြေရတဲ့ စတုတ္ထတန်း သုံးယောက်နှင့် အဋ္ဌမတန်း သုံးယောက်ရှိနေပါသေးတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီသီဟိုဠ်ကျောင်းမှာလက်ခံထားတဲ့ ကျောင်းသားကျောင်းသူစုစုပေါင်းဟာ ဆိုလို့ရှိရင် ၃၁၉ ယောက်ထိရှိပါတယ်။ ဒါဟာ အတန်းစုံဖြစ်ပါတယ်။ ဒသမတန်းထိရှိနေတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအချက်အနေနဲ့ တိုက်ပွဲတွေကြောင့် ရှောင်ပြေးနေရတဲ့ ဒေသခံပြည်သူတွေမှာ နေစရာ၊ စားစရာအခက်အခဲတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ပညာရေးအခက်အခဲတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ လက်ရှိအချိန်မှာ ပြည်သူလူထုရဲ့ ပူးပေါင်းကူညီမှု၊ လူမှုအဖွဲ့အစည်းအသီးသီးရဲ့ ကူညီစောင့်ရှောက်မှု၊ ဌာနဆိုင်ရာအသီးသီးတွေရဲ့ မနေမနားကူညီဆောင်ရွက်မှုတွေကြောင့် ကြီးမားတဲ့အခက်အခဲတွေမရှိပေမယ့် ရေရှည်မှာထပ်မံတိုးပွားလာနိုင်တဲ့စစ်ဘေးရှောင် ဒုက္ခသည်တွေကြောင့် ဝန်ထမ်းအင်အားထပ်မံဖြည့်တင်းပေးနိုင်ဖို့ အခက်အခဲရှိတယ်ဆိုတဲ့အကြောင်းကို သိရပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေ၊ ကြက်ခြေနီအသင်းတွေရဲ့ ပူးပေါင်းကူညီမှုကြောင့် လုံလောက်နေသော်လည်းပဲ လာမယ့် ၁၉ ရက်နဲ့ ၂၄ ရက်ကြားမှာ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရမယ့်အစီအစဉ်တွေရှိနေတဲ့အတွက်ကြောင့်မို့လို့ ဒေသခံကျန်းမာရေးဝန်ထမ်းတွေကလည်း သူတို့ရဲ့နေရာကို ပြန်ပြီးတော့ တာဝန်ထမ်းဆောင်ရမှာဖြစ်တဲ့အခါကျတော့ လက်ရှိတိုးပွားလာနေတဲ့အခြေအနေတွေအရ ဒီကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့နေရာမှာ အခက်အခဲတွေပေါ်လာမှာဖြစ်တယ်ဆိုတဲ့အကြောင်းကို ဒေသခံအုပ်ချုပ်ရေးပိုင်းက တင်ပြလာတာကိုလည်း ကျွန်တော်တို့ ကြားသိရပါတယ်။ မနေ့ကအထိတောင်မှ မိုင်းငေါ့ဘက် ကွင်းစလန်းကျေးရွာအုပ်စုက ပလောင်တိုင်းရင်းသားအယောက် ၁၀၀ ကျော်လောက်

ဟာ စစ်ရှောင်လာကြတယ်လို့လည်း သိရပါတယ်။ နန့်တွေရွာအနီးတဝိုက်မှာလည်း တိုက်ပွဲတွေ ဆက်လက် ဖြစ်နေတယ်လို့လည်း ကြားသိရပါတယ်။ ဒီလိုသာတိုက်ပွဲတွေဆက်ဖြစ်နေပြီး စစ်ရှောင် ဒုက္ခသည်တွေ ဒီနှုန်းအတိုင်းသာဆက်ပြီး တိုးလာမယ်ဆိုလို့ရှိရင် လက်ရှိအင်အားနဲ့ ဝိုင်းဝန်းကူညီနေ တဲ့သူတွေ လက်ပမ်းကျလာနိုင်ပါတယ်။ မနိုင်မနင်းဖြစ်လာနိုင်ပါတယ်။ ဆက်လက်ဖြေရှင်းရမယ့် နောက်ဆက်တွဲပြဿနာတွေ ကြီးထွားလာနိုင်ပါတယ်။ စစ်ရှောင်စခန်းတွေရဲ့ လက်ရှိလက်ခံထားနိုင်တဲ့ လူဦးရေအနေအထားအရလည်း ဆက်လက်လက်ခံနိုင်ဖို့အတွက် အခက်အခဲဖြစ်နေတယ်ဆိုတဲ့ အကြောင်းကိုလည်း ကြားသိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအချက်အနေနဲ့ တိုက်ပွဲတွေကြောင့် ရှောင်ပြေးနေရတဲ့ ဒေသခံ တိုင်းရင်းသားများ မြေစာပင်သဖွယ် လက်လွတ်ဆုံးရှုံးနေရတဲ့ အခွင့်အရေးတွေက များစွာရှိနေပါ တယ်။ ဒါတွေကို ကျွန်တော်တို့က အားလုံးပူးပေါင်းပါဝင်ပြီးတော့ ကုစားနေဖို့လိုပါတယ်။ ဒီမှာဖြစ်နေ တဲ့၊ ဆုံးရှုံးနေတဲ့သူတွေက ဒေသခံတိုင်းရင်းသားတွေပဲဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခဖြစ်နေတဲ့ အဖွဲ့အစည်းတွေရဲ့ ဆွေမျိုးသားချင်းတွေပဲဖြစ်ပါတယ်။ လက်ရှိနိုင်ငံရေးအခြေအနေအရ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးပြုပြင်ပြောင်းလဲမှုတွေနဲ့ ကျွန်တော်တို့လိုချင်တဲ့ စစ်မှန်တဲ့ ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးကို စသွားနေတဲ့အချိန်၊ စစ်မှန်တဲ့ ဒီမိုကရေစီစနစ်ကို အစပျိုး တည်ဆောက်နေတဲ့အချိန်မှာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ပြန်လည်တည်ဆောက်နေတဲ့ အချိန်မှာ လက်နက်ကိုင်လမ်းစဉ်နဲ့ အကြမ်းဖက်လမ်းစဉ်ကို ဦးတည်သွားနိုင်တဲ့အခြေအနေကို ရောက် မသွားနိုင်ဖို့ ကျွန်တော်တို့ ဝိုင်းဝန်းဟန့်တားကြရမှာဖြစ်ပါတယ်။ လက်ရှိနိုင်ငံတော်က အလေးထား ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်တွေ ကိုထိခိုက်လာနိုင်တယ်ဆိုတာကိုလည်း အားလုံးက သတိပြုပြီးတော့ ဝိုင်းဝန်းပါဝင်ကြဖို့လိုတဲ့အချိန် ဖြစ်လာပါတယ်။

ဒါကြောင့်မို့လို့ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တင်ပြ ဆွေးနွေးခဲ့တဲ့ အကြောင်းအချက်တွေအရ ယခု အရေးကြီးအဆိုသည် လတ်တလောအနေအထားအရ ဆက်လက်ဆောင်ရွက်ပေးရမယ့် အခြေအနေဖြစ်တဲ့အပြင် လက်ရှိမှာလည်း စစ်ဘေးရှောင်ဒုက္ခ သည်တွေ ဆက်လက်တိုးပွားနေဆဲပဲဖြစ်ပါတယ်။ ဒါကြောင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသနှင့် ကျောက်မဲဒေသအတွင်း ဖြစ်ပွားနေတဲ့တိုက်ပွဲတွေကြောင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူ များ၊ မိဘပြည်သူများ ဒုက္ခများစွာကြုံတွေ့နေရပါသဖြင့် အမြန်ဆုံးတိုက်ပွဲများ ရပ်ဆိုင်းနိုင်ရေးနှင့်

စစ်ဘေးရှောင်ပြည်သူများရဲ့ လူမှုဒုက္ခများအား အမြန်ဆုံးဖြေရှင်း ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးက တိုက်တွန်းကြောင်း အရေးကြီးအဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်ဦး(ညောင်ရွှေမဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များနှင့် ကျောင်းသားကျောင်းသူများခင်ဗျား။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး ဖြစ်ပါတယ်။ မနေ့က ကျောက်မဲမြို့နယ်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင် တင်ပြသွားတဲ့ အရေးကြီးအဆိုရဲ့ စစ်ဒဏ်အနိဋ္ဌာရုံတွေကို သိရကြားရတာကို ရင်နှင့်အမျှ ကိုယ်ချင်းစာခံစားရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လိုလားတောင်းတနေတဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖို့ ပြည်တွင်းငြိမ်းချမ်းရေးဟာ အထူးအရေးကြီးသလို အနာဂတ်တိုင်းပြည်ကို ခေါင်းဆောင်ကြမယ့် လူငယ်များရဲ့ အခန်းကဏ္ဍဟာလည်း အရေးပါပါတယ်။ ကျွန်တော်ဟာ ကျောင်းဆရာတစ်ဦးဖြစ်ခဲ့သလို ကျောင်းသူကျောင်းသားများကို လေးစားအားကိုး ယုံကြည်ပါတယ်။ ယခုလို စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲတွေဖြေဆိုနေချိန် တခြားအတန်းနှင့် တက္ကသိုလ်ဝင်တန်း စာမေးပွဲနီးတဲ့အချိန်မှာ တိုက်ပွဲတွေကြောင့် ကျောင်းတွေပိတ် ဆရာဆရာမတွေ၊ ကျောင်းသူ ကျောင်းသားတွေ၊ စစ်ဘေးရှောင်နေရခြင်းဟာ အထူးဝမ်းနည်းကြေကွဲဖွယ် ကောင်းလှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးနိမ့်ကျတဲ့ အဲဒီဒေသတွေမှာ တိုက်ပွဲတွေကြောင့် စာသင်နှစ်တစ်နှစ် နားလိုက်ရတာနဲ့ အနာဂတ်မျှော်လင့်ချက် အားကိုးစရာလူငယ်များ စာသင်ခန်းနှင့် ထာဝရဝေးကွာ သွားကြရတာများပါတယ်။ ကျွန်တော်တို့ နောက်လာမယ့် အစိုးရလက်ထက်မှာလည်း နိုင်ငံတကာနှင့် ရင်ဘောင်တန်းဖွံ့ဖြိုးတိုးတက်ဖို့ ဒီငြိမ်းချမ်းရေးဟာ အထူးအရေးကြီးလှပါတယ်။ အဲဒါကြောင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း တိုက်ခိုက်နေတဲ့ စစ်ပွဲတွေရပ်ပြီး လိုလားချက်တွေကို စားပွဲဝိုင်း ပေါ်မှာ အချေအတင်ဆွေးနွေးအဖြေရှာကြပါလို့ အထူးတိုက်တွန်းအပ်ပါတယ်။ ဒါ့အပြင် အဓိက တာဝန်ရှိတဲ့ နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ၊ အရပ် ဘက်ဆိုင်ရာအဖွဲ့အစည်းများလည်း ငြိမ်းချမ်းစွာနှင့် ထိရောက်စွာအမြန်ဆုံး ဖြေရှင်းပေးဖို့

လိုအပ်ကြောင်း တိုက်တွန်းရင်း ကျောက်မဲမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်ရဲ့ အဆိုကို လေးနက်စွာထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦး အား ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦး(တပ်မတော်သားကိုယ်စားလှယ်)။** ။ မင်္ဂလာပါလို့ ဦးစွာ ပဏာမနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် လေ ၂၁၂၇ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောက်မဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင်၏ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။ အဆိုရှင် ဦးစိုင်းထွန်းအောင်၊ ကျောက်မဲ မဲဆန္ဒနယ်၏ ဆွေးနွေးချက်အရ ယခင်တည်ငြိမ်အေးချမ်းလျက်ရှိသော ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဆက်စပ်လျက်ရှိတဲ့ ကျောက်မဲခရိုင်၊ မိုင်းငေါ့မြို့နယ်ခွဲအတွင်းရှိ တော့စန်၊ ညောင်မောင်း၊ မင်းကုန်းကျေးရွာတို့မှာ RCSS၊ SSA နှင့် TNLA တို့အကြား ဖေဖော်ဝါရီလ ၇ ရက်နေ့မှ ၉ ရက်နေ့အထိ တိုက်ပွဲများဖြစ်ပွားခဲ့ခြင်းကြောင့် ကျောင်းသားကျောင်းသူများအပါအဝင် တိုက်ပွဲရှောင် ပြည်သူများဟာ နီးစပ်ရာမြို့၊ ရွာများရှိ ဘိုးဘွားရိပ်သာနှင့် ဘုန်းကြီးကျောင်းများသို့ တိုက်ပွဲရှောင်ကာ နေထိုင်လျက်ရှိကြောင်း သိရှိရပါတယ်။ TNLA ဟာ လောက်ကိုင်ဒေသ တိုက်ခိုက်မှုဖြစ်စဉ်များမှာ AA အဖွဲ့နှင့် MNDA သောင်းကျန်းသူအဖွဲ့များနှင့် ပူးပေါင်းပြီး အစိုးရ၏အုပ်ချုပ်ရေးအာဏာကို ထိပါးနှောင့်ယှက်ခဲ့ခြင်းကြောင့် စေ့စပ်ဆွေးနွေးမှုမပြုတဲ့ တရားမဝင်အဖွဲ့အဖြစ် သတ်မှတ်ထားတဲ့ အဖွဲ့အစည်းပဲဖြစ်ပါတယ်။ TNLA အဖွဲ့အနေဖြင့် အဓမ္မလူသစ်စုဆောင်းပြီး ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသနှင့် ဆက်စပ်နယ်မြေများကို နယ်မြေ ချဲ့ထွင်လာခြင်း၊ RCSS နှင့် SSA အနေဖြင့် ၂၀၁၂ ခုနှစ် မေလတွင် လက်မှတ်ရေးထိုးခဲ့တဲ့ သဘော တူညီချက်ပါ သတ်မှတ်ထားတဲ့နယ်မြေကို ကျော်လွန်လှုပ်ရှားလာခဲ့ခြင်း၊ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ချုပ်ဆိုသော NCA စာချုပ်ပါ သဘောတူညီချက်ကို ချိုးဖောက် ခြင်း၊ နှစ်ဖက်လေးစား လိုက်နာရသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း များနှင့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များ (Military Code of Conduct -COC) ကို လိုက်နာရန် ပျက်ကွက်ခြင်းတို့ကြောင့် တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ယခုကဲ့သို့ ပြည်သူများ ဒုက္ခခံစားကြုံတွေ့နေရ ခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူတို့၏ ဒုက္ခများကင်းဝေးစေရန် TNLA အဖွဲ့အနေဖြင့် လက်နက်အပြီးအပိုင်စွန့်လွှတ်ရန်နှင့် RCSS နှင့် SSA အဖွဲ့အနေဖြင့် NCA စာချုပ်နှင့် COC ပါ ကျင့်ဝတ်များအတိုင်း တိကျစွာ လိုက်နာလုပ်ဆောင်သွားရန် အထူးလိုအပ်ပါတယ်။ ၎င်းဖြစ်စဉ်များနှင့်ပတ်သက်ပြီး တပ်မတော်မှလည်း တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကို ကန့်ကွက်အကြောင်းကြားစာပေးပို့ခဲ့ပြီးဖြစ်ပါတယ်။ တပ်မတော်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂ဝ ပုဒ်မခွဲ(င)နှင့် ပုဒ်မ ၃၄၁ တို့နှင့်အညီ အဆိုပါတိုက်ပွဲနယ်မြေဒေသကို နယ်မြေရှင်းလင်းထိန်းချုပ်ထားပြီးဖြစ်တဲ့အတွက် အဆိုပါဒေသမှာ တိုက်ပွဲများဖြစ်ပွားမှုမရှိတော့ပါကြောင်း သိရှိရပါတယ်။ တိုက်ပွဲရှောင်ဒုက္ခသည်များကို တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များမှ လတ်တလော ဆန် ၂၅ အိတ် ထောက်ပံ့ပေးခဲ့ပြီး၊ ယနေ့တွင်လည်း ဆန် ၁ဝဝ အိတ်၊ ကုလားပဲ ၁၅ဝ ပိဿာ၊ ဆီ ၅ဝ ပိဿာနှင့် လူသုံးကုန်ပစ္စည်းများ ထပ်မံကူညီထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ တိုက်ပွဲရှောင်ဒုက္ခသည်များထဲမှာ ကျောင်းသားကျောင်းသူ ၃ဝဝ ဦးခန့်ပါရှိနေကြောင်း သိရှိရပြီး ယခုချိန်ကာလဟာ အတန်းတင်စာမေးပွဲဖြေဆိုရန် နီးကပ်နေချိန်ဖြစ်တဲ့အတွက် ကျောင်းသားကျောင်းသူများရဲ့ ငြိမ်းချမ်းစွာ ပညာသင်ကြားရေးနှင့် စိတ်သောကကင်းဝေးစွာဖြင့် စာမေးပွဲဖြေဆိုနိုင်ရန် လိုအပ်ပါတယ်။ ကျောင်းသားကျောင်းသူများ စာမေးပွဲအဆင်ပြေစွာ ဖြေဆိုနိုင်ရေးနှင့် အနာဂတ်ဘဝများဖြောင့်ဖြူးသာယာရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အာဏာလုတိုက်ခိုက်မှုများကို ရပ်ဆိုင်းနိုင်ရေးလုပ်ဆောင်သွားရန် လိုအပ်ပါတယ်။ အလားတူ ဖြစ်စဉ်များမဖြစ်ပွားစေရန် နိုင်ငံတော်အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်ဟာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် အစဉ်တစ်စိုက်အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့တို့အကြား ၂ဝ၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ NCA ပါသဘောတူညီချက်များနှင့်အညီ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို နိုင်ငံတော်သမ္မတ ဦးဆောင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များပါဝင်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ၂ဝ၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့ထိ ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ ဖွဲ့စည်းကာ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ အစည်းအဝေးများကိုလည်း ကျင်းပနိုင်ခဲ့ပါတယ်။ အထက်ပါဆောင်ရွက်မှုများကြောင့် NCA လက်မှတ်ရေးထိုး

ငြိမ်းသော တိုင်းရင်းသားလက်နက်ကိုင်များရှိရာဒေသများတွင် ပစ်ခတ်တိုက်ခိုက်မှုများလုံးဝမရှိကြောင်း တွေ့ရှိရပါတယ်။ လက်နက်ကိုင်အဖွဲ့အစည်းများဟာ ပြည်ထောင်စုစိတ်ဓာတ်ကိုမွေးမြူပြီး ထာဝရငြိမ်းချမ်းရေးရရှိရန် NCA မှာ ပါဝင်လက်မှတ်ရေးထိုးဖို့လိုအပ်ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် NCA လက်မှတ်မထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် လက်ကမ်းစောင့်ကြိုလျက်ရှိပါတယ်။ ယနေ့အချိန်မှာလည်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ထောက်ခံသည့်အခမ်းအနားများ နိုင်ငံအနှံ့အပြားမှာ ကျင်းပလျက်ရှိပါတယ်။ တပ်မတော်အနေဖြင့် NCA စာချုပ်ပါအချက်များကို တိကျစွာလိုက်နာဆောင်ရွက်လျက်ရှိပါတယ်။ ငြိမ်းချမ်းရေးနှင့်ပတ်သက်လို့ တပ်မတော်သားများဟာ အလိုလားဆုံးသူများပဲဖြစ်ကြပါတယ်။ ဒါ့ကြောင့် တပ်မတော်အနေနဲ့ ထာဝရငြိမ်းချမ်းရေးရရှိရေးကို တိုင်းရင်းသားလူမျိုးများရဲ့ အကျိုးစီးပွားအတွက် အတတ်နိုင်ဆုံးလိုက်လျောဆောင်ရွက်ပေးထားပြီးလည်းဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ နိုင်ငံတော်ရဲ့ နယ်နိမိတ်အတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူလူထုရဲ့လုံခြုံရေး၊ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ပြီး ထိပါးနှောင့်ယှက်လာမယ့် မည်သည့်အဖွဲ့အစည်းကိုမဆို ဥပဒေနှင့်အညီထိရောက်စွာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ထာဝရငြိမ်းချမ်းရေးရရှိဖို့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် ပြည်သူလူထုမှသာ ဆောင်ရွက်၍မရဘဲ ကျန်ရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကပါ ဆောင်ရွက်ရန် လိုအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များကလည်း မဲဆန္ဒနယ်မြေအလိုက် ပြည်သူလူထုကို စည်းရုံးပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ သို့ပါ၍ အဆိုရှင် ကျောက်မဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင် တင်သွင်းသော အရေးကြီးအဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း ထာဝရငြိမ်းချမ်းရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဝိုင်းဝန်းဖြည့်သွားကြပါလို့ ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုးက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းမိုး(မန်တုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်း ကျန်းမာရွှင်လန်းပါစေကြောင်း ဂါရဝပြုဆုတောင်းအပ်ပါတယ်ရှင်။ ကျွန်မကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးဖြစ်ပါတယ်ရှင်။ ကျောက်မဲ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင် ရဲ့ လက်နက်ကိုင်ပဋိပက္ခပြေငြိမ်းပြီး စစ်ပွဲများ အမြန်ဆုံးရပ်ဆိုင်းပေးပါရန်နှင့် စစ်ဘေးရှောင်တိုင်းရင်းသား မိဘပြည်သူများအား အမြန်ဆုံးကူညီစောင့်ရှောက်ပေးနိုင်ရေး အဆိုကို ထောက်ခံဆွေးနွေးလိုပါတယ်ရှင်။ ယခု ရက်ပိုင်းအတွင်းမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအပါအဝင် ကျောက်မဲမြို့နယ်နှင့် မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်၊ ကွတ်ခိုင်မြို့နယ်တို့မှ လက်နက်ကိုင်ပဋိပက္ခတိုက်ပွဲများကြောင့် ဒေသခံပြည်သူများ နေ့စဉ်နှင့်အမျှ စစ်ဘေးတိမ်းရှောင်ထွက်ပြေးနေရတာကို တွေ့မြင်ကြားသိနေရပါတယ်ရှင်။ ယခုအချိန်မှာ ကျောက်မဲမြို့ပေါ်တွင်လည်းကောင်း၊ နမ့်ခမ်းမြို့နယ်၊ မိုင်ဝေကျေးရွာတွင်လည်းကောင်း စစ်ဘေးရှောင်ပြည်သူများရောက်ရှိလာကြပြီး စားသောက်ရေး၊ နေထိုင်ရေး၊ သွားလာရေး အတိဒုက္ခများ ရင်ဆိုင်တွေ့ကြုံနေရလျက်ရှိပါတယ်ရှင်။ လူမှုရေးအသင်းအဖွဲ့များ၊ အရပ်ဘက်လူမှုကူညီရေးအဖွဲ့များ ကူညီစောင့်ရှောက်ပေးလျက်ရှိနေပါတယ်။ လက်နက်ကိုင်တိုက်ပွဲများ ပဋိပက္ခဖြစ်ပွားလျက်ရှိနေတဲ့ဒေသတွေဟာ လက်ဖက်လုပ်ငန်းကိုသာ အားကိုးမှီခိုလုပ်ကိုင်နေကြတဲ့နေရာဒေသဖြစ်ပြီး လုပ်ငန်းခွင်ရွှေဖီချိန် နီးကပ်လာပြီဖြစ်လို့ လုပ်ငန်းပြင်ဆင်လုပ်ကိုင်နေရတဲ့အခါတွေလည်းဖြစ်ပါတယ်။ ဒီလိုအချိန်မှာ ဒီနယ်မြေအေးချမ်းတည်ငြိမ်မှုမရှိဘဲ ကိုယ့်ရပ်ဒေသတွေကို စွန့်ခွာထွက်ပြေးပြီးနေရမည်ဆိုပါက တစ်နှစ်တာပတ်လုံး စားဝတ်နေရေးနှင့် စီးပွားရေးကျဆင်းလာပြီး လူမှုဘဝနိမ့်ကျဆုတ်ယုတ်သွားမှာ အမှန်ပဲဖြစ်ပါတယ်ရှင်။ နောက်ပြီး ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ပညာရေး၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ ထွက်ပြေးတိမ်းရှောင်နေရပြီး စစ်ဘေးရှောင်ဘဝရောက်ရှိနေကြတာလည်း ပညာရေး၊ ကျန်းမာရေးများစွာ ထိခိုက်နစ်နာနေကြရပါတယ်။ ဒါကြောင့် စစ်ပွဲပဋိပက္ခဖြစ်ပွားလျက်ရှိနေတဲ့ ဒေသများရှိ ကလေးသူငယ်များ၊ အမျိုးသမီးများနှင့် အသက်အရွယ်အိုကြီးများအပါအဝင် ဒေသခံပြည်သူများရဲ့ ရုပ်ပိုင်းဘဝ၊ စိတ်ပိုင်းဘဝ ပြန်လည်ထူထောင်ရေးနှင့် လူမှုဘဝ ပြန်လည်ရှင်သန်ရေးဟာ အရေးတကြီးလိုအပ်လျက်ရှိနေတာဖြစ်တဲ့အတွက်ကြောင့် ဦးစိုင်းထွန်းအောင် ရဲ့အဆိုကို ကျွန်မ ဒေါ်နန်းမိုးက အလေးအနက်ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ပြုံးကေသီနိုင်(ကလောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကလောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်ပြုံးကေသီနိုင်အနေနဲ့ ၂၀၁၆

ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့က ကျောက်မဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်တင်သွင်းတဲ့ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားပါမယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို အေးချမ်းလုံခြုံစွာနေထိုင်နိုင်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အာမခံချက်ပေးနိုင်မယ့် အခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာရေးကို ဦးတည်ဆောင်ရွက်ပါမယ်လို့ အဖွဲ့ချုပ်ရဲ့မူဝါဒမှာ အလေးအနက်ဖော်ပြထားပါတယ်။ တစ်နိုင်ငံလုံးတစ်ပြေးညီ အေးချမ်းလုံခြုံစွာဖွံ့ဖြိုးတိုးတက်ဖို့ရန်အတွက် ဖွံ့ဖြိုးတိုးတက်မှုနိမ့်ပါး နောက်ကျနေနှင့်ပြီးဖြစ်သော တိုင်းရင်းသားတောင်ပေါ်ဒေသများတွင် ငြိမ်းချမ်းရေးပထမဦးစွာ ရရှိရန်မှာ အဓိကကျတဲ့ အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ပါတယ်။ တောင်ပေါ်တိုင်းရင်းသားဒေသများဖြစ်တဲ့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကျောက်မဲမြို့နယ်ဒေသတွင်းရှိ ပြည်သူအများစုဟာ မူလကပင် ဆင်းရဲပင်ပန်းစွာ ဘဝကိုရုန်းကန်နေကြရတဲ့အထဲ လက်နက်ကိုင်ပဋိပက္ခများကြောင့် တစ်ပူပေါ်နှစ်ပူဆင့်ဆိုသလို မိမိတို့ရဲ့နေအိမ်များကိုစွန့်ခွာပြီး စစ်ပြေးတိမ်းရှောင်လျက်ရှိကြပါတယ်။ အသက်အရွယ်အိုမင်းသူများအဖို့ အင်မတန်မှပင်ပန်းဆင်းရဲကြမှာဖြစ်သလို လူလတ်ပိုင်းများအနေနဲ့လည်း မိမိတို့လုပ်ငန်းအသီးသီးကို စွန့်ခွာလာကြရတာဖြစ်လို့ အလွန်ပင်ထိခိုက်နစ်နာလှပါတယ်။ စစ်ဘေးရှောင်ပြည်သူများထဲမှ အမျိုးသမီးကိုယ်ဝန်သည်နှစ်ဦးဟာ စစ်ဘေးတိမ်းရှောင်ရင်း ဖေဖော်ဝါရီလ ၁၃ ရက်နေ့က မီးဖွားခဲ့ကြတဲ့အခါ အင်မတန်မှပင်ပန်းခက်ခဲကြရတာကိုလည်းပဲ ကျွန်မတို့ ကြားသိရပါတယ်။ အထူးသဖြင့် လူမမယ်ကလေးများ လက်နက်ကိုင်ပဋိပက္ခရဲ့ ဒဏ်ရာဒဏ်ချက်များကို အင်မတန်မှ နုနယ်တဲ့အရွယ်မှာခံစားကြရခြင်းဟာ ကျွန်မတို့နိုင်ငံရဲ့ အဖိုးတန်ဆုံးသော လူသားအရင်းအမြစ်ကို ချိနဲ့အားနည်းသွားစေနိုင်တဲ့ အရေးပါလှတဲ့အချက်များထဲမှ တစ်ချက်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပြည်တွင်းစစ်ရဲ့ရိုက်ခတ်မှုကြောင့် အမြစ်တွယ်သွားမယ့် လူငယ်များရဲ့ ရင်ထဲက သံသယစိတ်နဲ့ စိုးရိမ်ထိတ်လန့်မှုများဟာ ကျွန်မတို့ရဲ့အနာဂတ်မြန်မာနိုင်ငံတော်ကြီးမှာ ထာဝရငြိမ်းချမ်းရေးရရှိခိုင်မြဲအောင် ဆောင်ရွက်ကြဖို့ရာ အင်မတန်ကြီးမားတဲ့အဟန့်အတားအဖြစ် ပြောင်းလဲသွားနိုင်ကြောင်းကိုလည်းပဲ လေးစားစွာသတိပေးလိုပါတယ်။ ဒါကြောင့် ကျောက်မဲ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင် တင်သွင်းတဲ့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကျောက်မဲမြို့နယ်ဒေသများအတွင်း ဖြစ်ပွားနေသောတိုက်ပွဲများကြောင့် ပြည်သူများ ဒုက္ခများစွာကြုံတွေ့နေရပါသဖြင့် အမြန်ဆုံး တိုက်ပွဲများရပ်ဆိုင်းနိုင်ရေးနှင့် စစ်ဘေးရှောင်ပြည်သူများရဲ့ လူမှုဒုက္ခများအား အမြန်ဆုံးကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်

အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးအား တိုက်တွန်းကြောင်းအရေးကြီးအဆိုကို ကျွန်မ အနေနဲ့ လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဖာပွန်မဲဆန္ဒနယ်မှ ဦးထွန်းမြအောင်(ခ)ဦးစောထွန်းမြအောင်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းမြအောင်(ခ)ဦးစောထွန်းမြအောင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် လွှတ်တော် ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အရေးကြီးအဆိုရှင် ကျောက်မဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်တင်သွင်းသော ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကျောက်မဲမြို့နယ်ဒေသ အတွင်း ဖြစ်ပွားနေသောတိုက်ပွဲများကို ရပ်စဲနိုင်ရေးနှင့် စစ်ဘေးရှောင်ပြည်သူများ၏ ဒုက္ခအား ဖြေရှင်းဆောင်ရွက်ရန်အဆိုကို ကိုယ်ချင်းစာနာပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ တိုက်ပွဲဖြစ်ရတဲ့ဒေသကဆိုလို့ရှိရင် ဒါဟာ လူထုတွေ ဒုက္ခရောက်ပါတယ်။ အဲဒီတော့ တိုက်ပွဲဖြစ်ရတဲ့အကြောင်းနဲ့ပြန်ပြီးတော့ ဆက်စပ်ဖို့လိုပါတယ်။ ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်ပြီးတော့ တိုက်ပွဲဖြစ်တာလား။ ဒါမှမဟုတ်လည်း နယ်မြေဒေသ မှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့အချင်းချင်း နယ်မြေလုပြီးတော့ တိုက်ပွဲဖြစ်နေတာလား။ ဒါကို အရင်ကျွန်တော်တို့ စူးစမ်းဖို့လိုပါတယ်။ တကယ်လို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အချင်းချင်း နယ်မြေလုပြီးတော့ တိုက်ပွဲဖြစ်နေကြရင်တော့ နှစ်ဖက်တိုက်ပွဲဖြစ်နေကြတဲ့ တိုင်းရင်းသား လက်နက်ကိုင်ခေါင်းဆောင်တွေကို ဒေသခံလူကြီးတွေက ခေါင်းဆောင်တွေကပူးပေါင်းပြီးတော့ ဒါကို မဖြစ်ဖို့ ညှိနှိုင်းပေးဖို့လိုပါတယ်။ ဒေသခံတိုင်းရင်းသားမှ ညှိနှိုင်းပေးလို့မှမရရင်တော့ဒါက တော်တော် လေး ခက်ခဲတဲ့အခြေအနေ ရှိနေပါတယ်။ ယခုအခြေအနေဟာလည်း ကျွန်တော်တို့ ထာဝရတိုက်ပွဲ ရပ်စဲဖို့ကတော့ ခက်ခဲပါသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ နောင်တက်လာမယ့် အစိုးရလက်ထက်မှာ တစ်နိုင်ငံလုံး အပြစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲကို လုပ်နိုင်မှသာ ထာဝရငြိမ်းချမ်းရေးကို ရနိုင်ပါမယ်။ ကျန်တဲ့ငြိမ်းချမ်းရေးလက်မှတ်မထိုးသေးတဲ့ အဖွဲ့တွေကလည်း ဒီအခြေအနေကို သူတို့စောင့်နေ ကြတာဖြစ်ပါတယ်။ ဒုတိယတစ်ချက်အနေနဲ့ တင်ပြချင်တာကတော့ စစ်ဘေးရှောင်ဒုက္ခသည်များကို

နိုင်ငံတော်အစိုးရထံကို ခုန ပြည်သူ့လွှတ်တော်ကတစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကနေပြီးတော့ ဆက်လက်ပြီးတော့ အကူအညီတောင်းပေးသလို ရှမ်းပြည်နယ်လွှတ်တော်တွေကလည်း သူ့ဒေသမှာ ရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေနဲ့ညှိပြီးတော့၊ ရပ်မိရပ်ဖလူကြီးတွေနဲ့ ဒါကို လွှတ်တော်က တစ်ဆင့် ထို့အတူ ပြည်နယ်အစိုးရကိုတင်ပြပြီးတော့ တစ်ပြိုင်တည်း ဆောင်ရွက်ပေးနိုင်တာက ဖြစ်မြောက်နိုင်မယ့် အစီအစဉ်ရှိပါတယ်။ ပိုအရေးကြီးတာက ယခုလက်ရှိ ၁၀ တန်းစာမေးပွဲနီးလာတဲ့အချိန်အခါမှာ ကျောင်းသူကျောင်းသားများ၊ ဆရာဆရာမများအား စားမေးပွဲမဖြေရ၊ စာမကျက်ရ ဆိုလို့ရှိရင် ပညာရေးက နောင်အနာဂတ်အတွက် သိပ်ရင်လေးစရာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ကျောက်မဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင် တင်သွင်းတဲ့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကျောက်မဲမြို့နယ်ဒေသအတွင်း ဖြစ်ပွားနေသော တိုက်ပွဲများကို ရပ်စဲနိုင်ရေးနှင့် စစ်ဘေးရှောင်ဒုက္ခသည်များ ဖြေရှင်းရေးအဆိုကို လေးလေးနက်နက် ထောက်ခံကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ လေးစားပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဇော်သိန်း(ဝါးခယ်မမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော် က ဝါးခယ်မမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သိန်းပါ။ ကျွန်တော့်အနေနဲ့ ကျောက်မဲမဲဆန္ဒနယ် ဦးစိုင်းထွန်းအောင် မနေ့ကတင်သွင်းခဲ့တဲ့ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ရေးဒေသနှင့် ကျောက်မဲမြို့နယ်မှာဖြစ်ပွားနေတဲ့ တိုက်ပွဲများ ရပ်ဆိုင်းနိုင်ရေးနဲ့ စစ်ဘေးရှောင်များကို အမြန်ဆုံး ကူညီနိုင်ရေးဆိုတဲ့ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာဖြစ်တဲ့ တိုက်ပွဲတွေက အခုမှ ဖြစ်တာမဟုတ်ပါဘူး။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှာ စတင်ဖြစ်ပွားခဲ့ပြီး အခုလ ၇ ရက်နေ့နောက်ပိုင်းမှာ ဆက်တိုက်ဆိုသလို ဖြစ်နေပါတယ်။ ဒီတိုက်ပွဲတွေကြောင့် ရွာသူရွာသားတွေမက ကျောင်းသူကျောင်းသားတွေနဲ့ ဆရာတော်သံဃာတော် တွေပါ ဒုက္ခရောက်ကုန်တာ စိတ်မချမ်းသာစရာပါဘဲ။ အခု နောက်ဆုံးရတဲ့ သတင်းတွေအရ ရွာလုံး ကျွတ်လေးရွာ ထွက်ပြေးတိမ်းရှောင်ရပြီးတော့ ကျောက်မဲမှာလည်း ဒုက္ခသည်စခန်းတွေဟာ လေးခု၊ အခု ၂၀ လောက်ထိ တိုးပွားလာတယ်လို့ သိရပါတယ်။ ဒုက္ခသည်စခန်း တစ်ခုမှာဆိုရင် တစ်နှစ်အောက်ကလေးတွေဟာ အယောက် ၅၀ လောက်ရှိတယ်လို့ သိရပါတယ်။ အခုလို စစ်ဘေးရှောင်ဒုက္ခ

သည်တွေဟာ ရှမ်းပြည်နယ်တစ်ခုသာမဟုတ်ပါဘူး။ တစ်ခြားပြည်နယ်တွေမှာလည်း ရှိတယ်ဆိုတာ ကျွန်တော်တို့က မေ့ထားလို့မရပါဘူး။ ကချင်ပြည်နယ်မှာဆိုရင် စစ်ဘေးရှောင်ဒုက္ခသည် တစ်သိန်းခန့် ရှိနေပါတယ်။ ရခိုင်ပြည်နယ်မှာ မြောက်ဦး၊ ကျောက်တော်နဲ့ မင်းဖျားတွေမှာရှိတဲ့ စစ်ဘေးရှောင်ဒုက္ခသည်စခန်းတွေမှာ အခုဆိုရင် သောက်သုံးရေတွေ အရေးတကြီးလိုအပ်နေပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်တွင်းစစ်မီး လက်နက်ကိုင်ပဋိပက္ခဟာ အမှန်တော့ လွတ်လပ်ရေးရပြီး ကတည်းက ၁၉၄၈ ခု မတ်လကစတင်ခဲ့ခြင်း ဖြစ်ပါတယ်။ ယခုအတိုင်းနဲ့ မပြီးသေးပါဘူး။ ဘယ်တော့ပြီးမယ်ဆိုတာလည်း မသိပါဘူး။ ပြည်တွင်းစစ်ဟာ ဘယ်သူ့အတွက်မှ မကောင်းပါဘူး။ ညီအစ်ကိုမောင်နှမတွေ တစ်နိုင်ငံတည်းသားတွေ အချင်းချင်းအကြမ်းဖက်သတ်ဖြတ်နေတာ လုံးဝ မသင့်တော်ပါဘူး။ လွှတ်တော်သစ်၊ အစိုးရသစ်ဖြစ်ပေါ်လာတော့မှာကို ကြိုဆိုနေတဲ့ နိုင်ငံတကာ မိသားစုတွေအနေနဲ့လည်း စိုးရိမ်ပူပန်မှုတွေ ဖြစ်နေကြမှာ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ တိုင်းရင်းသားအရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးသဘောထားမှာ တိုင်းရင်းသားများသည် အချင်းချင်းကြားဖြစ်ပေါ်နေသော ပြဿနာများကို အပြန်အလှန်လေးစားမှုဖြင့် စားပွဲဝိုင်းတွင်ဖြေရှင်းသောနည်းဖြင့် ဖြေရှင်းသင့်တယ်လို့ အတိအလင်းဆိုထားပါတယ်။ ကျောက်မဲနယ်မှာဖြစ်နေတဲ့ ပဋိပက္ခသာမက တစ်နိုင်ငံလုံးမှာဖြစ်နေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေကို စစ်မှန်တဲ့စေတနာ၊ စစ်မှန်တဲ့အပြန်အလှန်လေးစားမှု၊ စစ်မှန်တဲ့ ပင်လုံစိတ်ဓာတ်နဲ့သာလျှင် စားပွဲဝိုင်းမှာ လူချင်းတွေ့ဆုံ ဆွေးနွေးတဲ့နည်းနဲ့သာ ဖြေရှင်းမှအောင်မြင်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနဲ့ ကျောက်မဲမြို့နယ်မှာဖြစ်ပွားနေတဲ့ တိုက်ပွဲများရပ်ဆိုင်းနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ရှမ်းပြည်နယ်အစိုးရတို့က သက်ဆိုင်ရာတွေကို စားပွဲဝိုင်းမှာ ငြိမ်းချမ်းစွာဖြေရှင်းဖို့ တိုက်တွန်းဖို့နဲ့ စစ်ဘေးရှောင်ပြည်သူများရဲ့ လူမှုဒုက္ခတွေကို အမြန်ဆုံးဖြေရှင်းဖို့ ဆွေးနွေးရင်းနဲ့ ကျောက်မဲမဲဆန္ဒနယ်မှဦးစိုင်းထွန်းအောင်ရဲ့ အရေးကြီးအဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသူရိန်ဇော်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးသူရိန်ဇော်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစည်းအဝေး တက်ရောက် လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သ အပ်ပါတယ်။

**မူကြမ်း**

ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသူရိန်ဇော်ဖြစ်ပါတယ်။ မနေ့က ကျောက်မဲ မဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင်တင်သွင်းသော အရေးကြီးအဆိုနှင့်ပတ်သက်၍ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်၏ တင်ပြချက်များအား Power Point ဖြင့်တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံ အပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါဖြစ်စဉ်မှာ RCSS/SSA နဲ့ TNLA လက်နက်ကိုင်အဖွဲ့တို့ အချင်းချင်း နယ်မြေကျော်လွန်ရာမှ တစ်ဆင့် ဖြစ်စဉ်များဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ ၎င်းတို့အချင်းချင်း တိုက်ခိုက်ကြခြင်း ဖြစ်ပေမယ့်လည်း တပ်မတော်အနေနဲ့ ၎င်းဒေသများသို့ သွားရောက်ရှင်းလင်း၍ တိုက်ပွဲရှောင် ပြည်သူများအား လိုအပ်သောအကူအညီများ ပေးအပ်လျက် ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲပြီး နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းမှသာ ပြည်တွင်းငြိမ်းချမ်းရေး ရရှိမှာဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးရရှိမှသာ နိုင်ငံတော်တည်ငြိမ် အေးချမ်းမှုရရှိမှာ ဖြစ်ပါတယ်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရရှိမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အနေနဲ့ (၆၈) နှစ် မြောက်ပြည်ထောင်စုနေ့မှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ် ရေးထိုးနိုင်ရန် ကြိုးစားခဲ့သော်လည်း အကြောင်းကြောင်းကြောင့် လက်မှတ်ရေးထိုးနိုင်ခြင်းမရှိတာကို တွေ့ရှိရပါတယ်။ သို့သော်လည်း ပြည်သူများ မျှော်လင့်ချက်မဆုံးရှုံးရအောင် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိပြုချက် ကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ပြည်ထောင်စုဝန်ကြီး ၁၄ ဦး၊ ပြည်ထောင်စုလွှတ်တော် နာယကနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့အပါအဝင် လွှတ်တော်ကိုယ်စားလှယ်ငါးဦး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်ကိုယ်စားလှယ်သုံးဦး၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ကရင်အမျိုးသားအစည်းအရုံး၊ ရှမ်းပြည်နယ် ပြန်လည်ထူထောင် ရေးကောင်စီ၊ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်ငြိမ်းချမ်းရေးကောင်စီ၊ ဒီမိုကရေစီအကျိုးပြု ကရင် တပ်မတော်၊ တိုင်းရင်းသားရေးရာဝန်ကြီး ၂၉ ဦး၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၅၅ ဦး လက်မှတ်ရေးထိုးခဲ့တာကို တွေ့ရှိရပါတယ်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အနေနဲ့လည်း ၁၂-၂-၂၀၁၆ ရက်နေ့မှာ (၆၈)မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို တက်ရောက်ရန်ရောက်ရှိလာတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအား မြန်မာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂)မှာတွေ့ဆုံ၍ ယနေ့ မိမိတို့တိုင်းပြည်အတွက် အလိုအပ်ဆုံးမှာ ပြည်တွင်း ငြိမ်းချမ်းရေးပင်ဖြစ်ကြောင်း ပြည်သူများ၏ ဆန္ဒနှင့်လိုလားတောင့်တမှုမှာလည်း ငြိမ်းချမ်းရေးပင်

ဖြစ်ကြောင်း အခက်အခဲများ စိန်ခေါ်မှုများအမျိုးမျိုးပင်ရှိနေသော်လည်း ငြိမ်းချမ်းရေးရယူလိုသော သဘောထားများမှာ အဖွဲ့အစည်းအသီးသီးတွင်ရှိနေသော တူညီသောအချက်ပင်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့လည်း (၆၈)နှစ်မြောက် ပြည်ထောင်စု နေ့အခမ်းအနားကို တက်ရောက်ခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ၁၃-၂-၂၀၁၅ ရက်နေ့မှာ နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမဆောင်၌ တွေ့ဆုံပြီးတော့ မိမိတို့အားလုံးသည် ပြည်သူကရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်ဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းတွင် တူညီသော သဘောထားများဖြင့် လျှောက်လှမ်းနေကြပါကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းကိုသွားမည်ဆိုပါက တည်ငြိမ်အေးချမ်းမှုများ မရှိမဖြစ်လိုအပ်ပါကြောင်း၊ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး သည် ဆူပူအကြမ်းဖက်မှု လက်နက်ကိုင်ပဋိပက္ခများဖြင့် ဖြေရှင်းခြင်းဖြင့် မရနိုင်ကြောင်း၊ သင်ခန်းစာရခဲ့ပြီးဖြစ်ကြောင်း နိုင်ငံတော်ရဲ့လိုအပ်ချက်များဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံး ညီညွတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ အမျိုးသားရေးမူဖြင့် ချမှတ်ဆောင်ရွက် လျက်ရှိပါကြောင်း ပြည်ထောင်စုနေ့တွင် ငြိမ်းချမ်းရေး ဆက်လက်ဆောင်ရွက်ရန် လက်မှတ်ရေးထိုး ခဲ့သော အဖွဲ့များအား ကျေးဇူးတင်ရှိပါကြောင်း၊ အလားတူ လက်မှတ်ရေးထိုးရန်ကျန်ရှိသော အဖွဲ့များ ကိုလည်း တိုင်းပြည်အကျိုး၊ ပြည်သူလူထုအကျိုး ရှေးရှု၍ စဉ်းစားဆောင်ရွက်စေရန်တိုက်တွန်းပါ ကြောင်းပြောကြားခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်နိုင်မှုကြောင့်လည်း ၁၅-၁၀-၂၀၁၅ ရက်နေ့မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ရှစ် ဖွဲ့တို့အကြား ချုပ်ဆိုသော တစ်နိုင်ငံလုံးပစ်ခတ်ရပ်စဲရေး သဘောတူစာချုပ်ကို နေပြည်တော်၌ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ၊ ပြည်တွင်းပြည်ပအသိ သက်သေ များက လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်မတော်အနေနဲ့လည်း လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးကို ငြိမ်းချမ်းရေးနဲ့ပတ်သက်၍ မူဝါဒခြောက်ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းမူဝါဒများကတော့ (၁) ထာဝရငြိမ်းချမ်းရေး ရယူရန်အတွက် အမှန်တကယ်ဆန္ဒရှိရန်၊ (၂) သဘောတူစာချုပ်များအတိုင်း ကတိတည်ရန်၊ (၃) ငြိမ်းချမ်းရေးသဘောတူညီချက်များအပေါ် အမြတ်မထုတ်ရန်၊ (၄) ဒေသခံ ပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်၊ (၅) နိုင်ငံတော်က ထုတ်ပြန်ထားတဲ့ တည်ဆဲ ဥပဒေများကို လိုက်နာရန်၊ (၆) ဒို့တာဝန် အရေးသုံးပါးနဲ့ ဒီမိုကရေစီအနှစ်သာရကို လက်ခံပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ဒီမိုကရေစီ လျှောက်လှမ်းနေဖို့မှုတွင် လိုက်ပါလုပ်ဆောင်ရန်တို့

ဖြစ်ပါတယ်။ ဖော်ပြပါမူဝါဒများနှင့်အညီ ထာဝရ ငြိမ်းချမ်းရေးရရှိရန် အစဉ်အမြဲဖိတ်ခေါ် ဆောင်ရွက်လျက်ရှိနေပါသည်။ သို့ဖြစ်ပါ၍ ဦးစိုင်းထွန်းအောင် ကျောက်မဲမဲဆန္ဒနယ်၏ အရေးကြီး အဆိုနှင့်ပတ်သက်၍ ကျောက်မဲ၊ နမ့်ခမ်းဒေသတွင် လှုပ်ရှားလျက်ရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအနေဖြင့် နယ်မြေခံ ပြည်သူလူထု အကျိုးကိုရှေးရှုပြီး ငြိမ်းချမ်းရေးနည်းလမ်းဖြင့်သာ ပြဿနာများကို ဖြေရှင်းဆောင်ရွက်သင့်ပါကြောင်း ထောက်ခံဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါ တယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဌေးဝင်းအောင်(ဒေါပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းအောင်(ခ)ပြုံးချို ဖြစ်ပါတယ်။ မနေ့က ဒီလွှတ်တော်မှာ ကန့်ကွက်မဲမရှိ ထောက်ခံမဲအများစု ရရှိထားတဲ့ ဦးစိုင်းထွန်းအောင် ကျောက်မဲမဲဆန္ဒနယ်ရဲ့အဆိုကို ကျွန်တော်တို့ ဒုတိယအကြိမ် လွှတ်တော်ကြီးကနေ ပြီးတော့ ထိထိရောက်ရောက် ဆောင်ရွက်နိုင်အောင် ကျွန်တော် ဖြည့်စွက်ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းမှာ ပါဝင်ဆောင်ရွက်နေကြတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဟာ တိုင်းပြည်ရဲ့အကျိုး၊ ပြည်သူလူထုရဲ့ အကျိုးအတွက် တကယ်ပဲ ပြည်သူလူထုကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဆိုတဲ့ လုပ်ငန်းစဉ်ကိုချပြဖို့ရာ မကြာခင်မှာပဲ အဆုံးအဖြတ်ရယူရမယ့် အရေးကြီး အဆိုလည်း ဖြစ်လာပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၅)၊ ပုဒ်မ ၂၈၁ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် မိမိ နယ်မြေ၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသို့ တင်ပြရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ ယခု ဖြစ်ပွားနေတဲ့ တိုက်ပွဲတွေရဲ့အခြေအနေနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ကနေ ရှင်းရှင်းလင်းလင်း သိရှိ နိုင်အောင်အတွက် နောက် ဆောင်ရွက်တဲ့လုပ်ငန်းစဉ်တွေကို ထိထိရောက်ရောက်ချမှတ်ဆောင်ရွက် နိုင်အောင်အတွက် အဲဒီအစီရင်ခံစာတင်ပြချက်တွေနဲ့ ဆက်စပ်ပြီးတော့ လွှတ်တော်က အဆုံးအဖြတ် ရယူမယ့်အဆိုမှာ အနည်းငယ်ဖြည့်စွက်စရာတွေကို လွှတ်တော်အနေနဲ့ စဉ်းစားစေချင်ပါတယ်။ အဲဒါ

ကတော့ ဦးစိုင်းထွန်းအောင် တင်ပြထားတဲ့အဆိုထဲမှာပါတဲ့ နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာတိုင်းရင်းသားအဖွဲ့အစည်းများကို တိုက်တွန်းကြောင်းဆိုတဲ့နေရာမှာ နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာတိုင်းရင်းသားအဖွဲ့အစည်းများသို့ တိုက်တွန်းခြင်းဆိုတဲ့ ဖြည့်စွက်ချက်မျိုးကို ထပ်မံဖြည့်စွက်ရင် ပိုသင့်တော်မယ်လို့ ကျွန်တော့်အနေနဲ့ အကြံပြုတင်ပြလိုပါတယ်။

ဆက်လက်ပြီးတော့ တိုက်ပွဲများဖြစ်ပွားနေတဲ့ကိစ္စတွေနဲ့ ဆက်နွှယ်တဲ့အကြောင်းအရင်းတွေမှာ စစ်ဘေးရှောင်ပြည်သူတွေ ၃၀၀၀ ကျော် ရှိနေပြီလို့ကြားသိရပါတယ်။ အဲဒီထဲမှာမှ မကြာခင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကိုဖြေဆိုရမယ့် ကျောင်းသားကျောင်းသူ ၅၄ ယောက်ရှိပါတယ်။ သူတို့တွေဟာ ကြောက်ရွံ့ထိတ်လန့်မှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရတာတွေရှိပါတယ်။ တဖက်မှာလည်း ကျောက်မဲမြို့ကနေပြီးတော့ ၃၅ မိုင်နဲ့ ၄၂ မိုင်ကြားကာလမှာ အပစ်အခတ်ကြားမှာပိတ်ဆို့နေတဲ့ ဒေသခံပြည်သူတွေရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီအခက်အခဲတွေ၊ လူမှုဒုက္ခတွေကို ဖြေရှင်းနိုင်အောင်အတွက် အကူအညီပေးရေးအဖွဲ့တွေ၊ ထောက်ပံ့ရေးပစ္စည်းတွေ လွယ်ကူချောမောစွာ လုံလောက်အောင်ရရှိနိုင်ဖို့အတွက် အရေးတကြီးဆောင်ရွက်ဖို့လည်း လိုပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈) နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များခေါင်းစဉ် အောက်ပါ ပုဒ်မ ၃၈၇ အရ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသား လူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး စိတ်ဝမ်းမကွဲပြားရေးတို့အတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန် တာဝန်ရှိသည်လို့ ပြဋ္ဌာန်းထားတာရှိပါတယ်။

နိုင်ငံသားတွေ၊ တိုင်းရင်းသားတွေကို ကိုယ်စားပြုတဲ့ ကျွန်တော်တို့ လွှတ်တော်ကြီးကနေပြီးတော့ တိုက်ပွဲတွေကြားထဲမှာ ဒုက္ခရောက်နေတဲ့ ဒေသခံပြည်သူတွေအတွက် စိတ်ပိုင်းဆိုင်ရာအားပေးခြင်း၊ ထောက်ပံ့ရေးအဖွဲ့ပစ္စည်းများ လွယ်ကူစွာ၊ လုံလောက်စွာရရှိနိုင်ရေးအတွက် ကုစားမှုတွေကို နည်းလမ်းရှာဖွေဆောင်ရွက်မယ်ဆိုလို့ရှိရင် အခုအရေးကြီးအဆိုပါ လူမှုဒုက္ခများအား အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းချက်ကို ပိုမိုလက်တွေ့ကျ ထိရောက်နိုင်မယ်လို့ တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထား ရှင်းလင်းဆွေးနွေးလိုပါတယ်။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်၊ ကျောက်မဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင် တင်သွင်းခဲ့တဲ့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသနဲ့ ကျောက်မဲဒေသအတွင်း ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲများကြောင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများ ဒုက္ခများစွာကြုံတွေ့နေရပါသဖြင့် အမြန်ဆုံးတိုက်ပွဲများ ရပ်ဆိုင်းနိုင် ရေးနှင့် စစ်ဘေးရှောင်ပြည်သူများရဲ့ လူမှုဒုက္ခများကို အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံးကို တိုက်တွန်းကြောင်း အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်စိုးက ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ်ရှိ မိုင်းတုံမြို့၊ တော့ဆန်ကျေးရွာအုပ်စု၊ တော့ဆန် ကျေးရွာအနီးတစ်ဝိုက်မှာ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ကစပြီး RCSS နဲ့ TNLA အဖွဲ့ တိုက်ပွဲ များဖြစ်ပွားခဲ့ရာ ဒေသခံပြည်သူများဟာ ကျောက်မဲမြို့၊ မိုင်းတုံမြို့၊ မိုင်းကော်မြို့နှင့် မိုးမိတ်မြို့များသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပါတယ်။ တိုက်ပွဲများဖြစ်ပွားခြင်း မတိုင်မီမှာ တိုက်ပွဲဖြစ်ပွားရာကျေးရွာအချို့မှ ရွာသားများနေထိုင်မှုအခြေအနေနဲ့ကတော့ တော့ဆန်ကျေးရွာအုပ်စုမှာ ကျေးရွာပေါင်းကိုးရွာ၊ အိမ်ခြေ ၆၁၈ လုံး၊ အိမ်ထောင်စု ၆၁၄ စု၊ လူဦးရေ ၃၀၈၆ ဦး နေထိုင်ခဲ့ပါတယ်။ ညောင်ဝန်းကျေးရွာအုပ်စုမှာ ကျေးရွာပေါင်း ခုနစ်ရွာ၊ အိမ်ခြေ ၁၆၄ လုံး၊ အိမ်ထောင်စု ၁၆၄ စု၊ လူဦးရေ ၁၂၉၃ ဦး၊ မင်းကုန်း ကျေးရွာအုပ်စုမှာ ကျေးရွာပေါင်း ခြောက်ရွာ၊ အိမ်ခြေ ၃၇၉ လုံး၊ အိမ်ထောင်စု ၃၇၉ စု၊ လူဦးရေ ၁၆၉၆ ဦး၊ ပန်ဆန်ကျေးရွာအုပ်စုမှာ ကျေးရွာပေါင်း ခြောက်ရွာ၊ အိမ်ခြေ ၅၁၀ လုံး၊ အိမ်ထောင်စု ၅၁၀ စု၊ လူဦးရေ ၂၆၁၇ ဦး စုစုပေါင်း ကျေးရွာအုပ်စုလေးစု၊ ကျေးရွာပေါင်း ၂၈ ရွာ၊ အိမ်ခြေ ၁၆၇၁ လုံး၊ အိမ်ထောင်စု စုစုပေါင်း ၁၆၆၇ စု၊ လူဦးရေ စုစုပေါင်း ၈၆၉၂ ဦးနေထိုင်ခဲ့ပါတယ်။ အဆိုပါ ကျေးရွာ အုပ်စုလေးခုမှ ကျေးရွာသူကျေးရွာသားများဟာ လက်ရှိကာလအတွင်း လက်နက်ကိုင်အဖွဲ့အချင်းချင်း ထိတွေ့တိုက်ပွဲဖြစ်ပွားမှုများကြောင့် ကျောက်မဲမြို့နယ်၊ မိုင်းတုံမြို့များသို့ စစ်ဘေးရှောင်ရှားခဲ့ရာမှာ ၁၆ ရက်နေ့အထိ ထွက်ပြေးတိမ်းရှောင်လာသူများကို ကယ်ဆယ်ရေးစခန်း ၁၇ ခုမှာ ဖြန့်ခွဲထားရှိပါ

တယ်။ ဖြန့်ခွဲထားရှိတဲ့ ကယ်ဆယ်ရေးစခန်းများကတော့ ကျောက်မဲမြို့နယ်၊ သီဟိုဠ်ဘုန်းကြီးကျောင်းမှာ စုစုပေါင်း ၃၅၇ ဦး၊ အောင်စုပန်ဘုန်းကြီးကျောင်းမှာ ၁၆၇ ဦး၊ ရှမ်းကျောင်း ကြီးဘုန်းကြီးကျောင်းမှာ ၂၅၆ ဦး၊ ရွှေညောင်ပင်ဘုန်းကြီးကျောင်းမှာ ၅၀ ဦး၊ သိမ်နီးဘုန်းကြီးကျောင်းမှာ ၄၈ ဦး၊ တောင်နောက်ရွာ ဘိုးဘွားရိပ်သာမှာ ၂၈၄ ဦး၊ တောင်နောက်ရွာဘုန်းကြီးကျောင်းမှာ ၂၀၂ ဦး၊ နမ့်စလင်းဘုန်းကြီးကျောင်းမှာ ၂၃၆ ဦး၊ ရေဦးဘုန်းကြီးကျောင်းမှာ ၂၉၁ ဦး၊ ရွှေကျောင်းဘုန်းကြီး ကျောင်းမှာ ၉၆ ဦး၊ ဝေဠုဝန်ဘုန်းကြီးကျောင်းမှာ ၈၀ ဦး၊ ကန်ပိန်းဘုန်းကြီး ကျောင်းမှာ ၉၉ ဦး၊ အောင်မင်္ဂလာဘုန်းကြီးကျောင်းမှာ ၄၈ ဦး၊ တိလင်ဘုန်းကြီးကျောင်းမှာ ၂၁၅ ဦး၊ နန့်ပိန်ဘုန်းကြီး ကျောင်းမှာ ၁၇၅ ဦး၊ ပိန္နဲရွာဘုန်းကြီးကျောင်းမှာ ၈၅ ဦး၊ မိုးမိတ်၊ နမ့်ပတ်ကျေးရွာအုပ်စု၊ နမ့်ပတ်ရွာ ဘုန်းကြီးကျောင်းမှာ ၈၆ ဦး စုစုပေါင်း ကျား ၁၀၉၃ ဦးနှင့် မ ၁၉၆၂ ဦး စုစုပေါင်း ကျားမ ၂၇၈၅ ဦးတို့ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ကျောက်မဲမြို့နယ်အတွင်း ရောက်ရှိခိုလှုံလျက်ရှိတဲ့ စစ်ဘေးရှောင်ဒုက္ခသည်များကို ကူညီ ကယ်ဆယ်ရေး၊ စားသောက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ လျှပ်စစ်မီးရရှိ ရေး၊ သောက်သုံးရေရရှိရေး စတဲ့ကိစ္စတွေကို စီမံဆောင်ရွက်နိုင်ဖို့အတွက် ကျောက်မဲမြို့နယ်၊ စီမံခန့်ခွဲမှုကော်မတီမှ ကြီးကြပ်မှုကော်မတီနဲ့ လုပ်ငန်းကော်မတီရှစ်ခုကို ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါတယ်။ ဖွဲ့စည်းထားတဲ့ ကော်မတီများအနေနဲ့ကတော့ စစ်ဘေးရှောင်ဒုက္ခသည်များအား ကူညီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးကြီးကြပ်မှု ကော်မတီ၊ စခန်းလုံခြုံရေးကော်မတီ၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်ကြားရေးကော်မတီ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ၊ အလှူငွေလက်ခံရေးနှင့် ဖြန့်ဝေထောက်ပံ့ရေးလုပ်ငန်းကော်မတီ၊ ပညာရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ ဒုက္ခသည်စခန်း လျှပ်စစ်မီးနှင့်သောက်သုံးရေရရှိရေးလုပ်ငန်းကော်မတီ၊ ကြိုဆိုပို့ဆောင်ရေးလုပ်ငန်း ကော်မတီ၊ နေရာချထားရေးလုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှာလည်း အဆိုပါဒုက္ခသည်များအတွက် ထောက်ပံ့မှုများပြုလုပ် ဆောင်ရွက်ပေးလျက်ရှိတဲ့အပြင် ကျောက်မဲမြို့နယ်အတွင်းမှာရှိတဲ့ ဌာနဆိုင် ရာများ၊ အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများ လှူဒါန်းမှုအနေနဲ့ကတော့ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့အထိ လူသုံးကုန်ပစ္စည်းတန်ဖိုး ကျပ် ၂၄၂.၄၇ သိန်း၊ စားသောက်ကုန် ပစ္စည်းတန်ဖိုး ကျပ် ၅၀၉.၇၀၂ သိန်း၊ ကျွေးမွေးမှုစရိတ်တန်ဖိုး ကျပ် ၂၆၀.၁၁၅ သိန်း စုစုပေါင်း ကျပ်သိန်းပေါင်း ၁၀၁၂.၂၅၄ သိန်းဖိုး ထောက်ပံ့ပေးထားပြီးဖြစ်ကြောင်းနှင့် လိုအပ်မှုများကိုလည်း

ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ တပ်ဖွဲ့နှင့် အုပ်ချုပ်ရေး အဖွဲ့အစည်းများအနေနဲ့လည်း စစ်ဘေးရှောင်ဒုက္ခသည်စခန်းများ လုံခြုံရေး အတွက် စစ်ဘေးရှောင် ဒုက္ခသည်စခန်းလုံခြုံရေးကော်မတီကို ဖွဲ့စည်းထားရှိပြီး ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဖွဲ့စည်းကာ ဒုက္ခသည်စခန်းလုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကိုလည်း အလေးအနက်ထား ဆောင်ရွက်ပေး လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒေသအတွင်းတိုက်ပွဲများ ဖြစ်ပွားနေစဉ်အတွင်း လက်နက်ကိုင် အဖွဲ့အစည်းတစ်ခုမှ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့မှာ မင်းကုန်းကျေးရွာအုပ်စုနေ ဒေသခံ အမျိုးသား ရှစ်ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ရာမှာ မင်းကုန်းကျေးရွာနေ ဦးဌေးဦးဟာ ၉ ရက်နေ့မှာ လွတ်မြောက်လာခဲ့ကြောင်းနှင့် ကျန်ခုနစ်ဦးမှာ သတ်ဖြတ်ခြင်းခံခဲ့ကြောင်း သိရှိရပါတယ်။ သတ်ဖြတ် ခြင်းခံသူများကို စိစစ်ဖော်ထုတ်ချက်များအရ ဦးသုမန(၄၈)နှစ်၊ အဖ ဦးမန်းငဲ၊ မင်းကုန်းကျေးရွာ၊ ဦးမုလိန္ဒ(၅၃)နှစ်၊ အဖ ဦးပညာ၊ မင်းကုန်းကျေးရွာ၊ ဦးအာနန္ဒ(၄၅)နှစ်၊ မော်တောင်းရွာ၊ ဦးအိုက်ခေး (၂၈)နှစ်၊ အဖ ဦးမောင်၊ မော်တောင်းရွာ၊ ဦးဟန်ဦး(၃၈)နှစ်၊ အဖ ဦးဘာပ၊ မော်တောင်းရွာ၊ ဦးထွန်းဦး (၄၈)နှစ်၊ အဖ ဦးစော၊ ဟိုခိုရွာနှင့် ဦးအိုက်မိန်း(၃၂)နှစ်၊ အဖ ဦးရှီ၊ မင်းကုန်းကျေးရွာတို့ဖြစ်ကြောင်း စိစစ်ဖော်ထုတ်သိရှိရပါတယ်။

ဒါ့အပြင် ညောင်ပေါင်းကျေးရွာအုပ်စုမှာရှိတဲ့ ညောင်ပေါင်းဘုန်းကြီးကျောင်းမှ ကျောင်းတိုင် ဆရာတော်ဦးသုစိတ္တအား ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့မှာ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ဖေဖော်ဝါရီလ ၉ ရက်နေ့မှာတော့ ၎င်းကျောင်းထိုင်ဘုန်းကြီးကျောင်းကို ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရှိရပါတယ်။ ဒါ့ကြောင့် ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်မှုများအတွက် ဥပဒေနဲ့အညီအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ဖြစ်ပွားခဲ့တဲ့တိုက်ပွဲများကြောင့် အထက်တန်းကျောင်းတစ်ကျောင်း၊ အလယ်တန်းကျောင်းနှစ်ကျောင်း၊ မူလတန်းကျောင်း ၃၀ ပိတ်ထား ခဲ့ရပြီး ကျောင်းသား ၁၂၇၅ ဦး၊ ကျောင်းသူ ၁၄၇၉ ဦး ပေါင်း ၂၇၅၄ ဦး၊ ကျောင်းဆရာ ၂၅ ဦး၊ ကျောင်းဆရာမ ၁၄၄ ဦး ပေါင်း ၁၆၉ ဦး စုစုပေါင်း ၂၉၂၃ ဦး ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး အဆိုပါ ထွက်ပြေးတိမ်းရှောင်လာသော ကျောင်းသားကျောင်းသူများကို သီဟိုဠ်ဘုန်းတော်ကြီးကျောင်းမှာ ထားရှိပြီး အတန်းပညာရပ်များ သင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ အခြေပြုရာနေရာမှာ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများဟာ ပညာရေးဌာနအပါအဝင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဖေဖော်ဝါရီလ ၁၅ ရက်နေ့အထိ ဆန် ၁၉၃ အိတ်၊ ဆီ ၁၀၅ ပိဿ၊

အဝတ်အထည်၊ အစားအသောက်၊ ကျောင်းသုံးဗလာစာအုပ်၊ ငွေသားကျပ်သိန်း ၅၀ ထောက်ပံ့ဆောင်ရွက် ထားရှိကြောင်းနှင့် လိုအပ်ချက်များကိုလည်း ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်လျက်ရှိပါကြောင်းတင်ပြအပ်ပါတယ်။ ကျောက်မဲမြို့နယ်၊ တော့ဆန်ကျေးရွာအနီး RCSS နဲ့ TNLA တို့ တိုက်ပွဲဖြစ်ပွားမှုကြောင့် ထွက်ပြေးတိမ်းရှောင်လာသော ပြည်သူများကို စခန်းများ ဖွင့်လှစ်လက်ခံ ဆောင်ရွက်ပေးလျက်ရှိပြီး ကျန်းမာရေးအတွက် ကျောက်မဲမြို့နယ် ဆေးရုံအုပ်ကြီးဦးဆောင်ပြီး လက်ထောက်ဆရာဝန်တစ်ဦး၊ ကျန်းမာရေးကြီးကြပ်တစ်ဦးပါဝင်တဲ့ လှည့်လည်ဆေးကုသရေးနှင့် ကြီးကြပ်ရေးအဖွဲ့တစ်ဖွဲ့အပါအဝင် အခြေပြုကျန်းမာရေးအဖွဲ့ ၁၄ ဖွဲ့၊ ဝန်ထမ်းဦးရေ ၄၀ ဦးနဲ့ဖွဲ့စည်း ထားရှိပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကာကွယ်ပေးရေးလုပ်ငန်းများကိုလည်း အလေးအနက်ထားဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှ စတင်၍ ခန့်မှန်းလူနာ ၅၄၆ ဦးကို ပြုစုစောင့်ရှောက်ပေးခဲ့ပြီး ၎င်းမှ ဆေးရုံသို့လွှဲအပ်လူနာ ၂၅ ဦးနှင့် တိုက်ပွဲအတွင်းမှာ ဗုံးစထိမှန်သူ ငါးဦးတို့ကိုလည်း ဆေးကုသပေးခဲ့ပါတယ်။ ဗုံးစထိမှန်သူ ငါးဦးအနက် သုံးဦးကိုတော့ ကျန်းမာရေးလိုအပ်ချက်အရ ကျောက်မဲဆေးရုံမှတစ်ဆင့် မန္တလေးဆေးရုံသို့ ပို့ဆောင် ကုသမှုများခံယူစေလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ သို့ပါ၍ အဆိုပါ လက်နက်ကိုင်အဖွဲ့များ တိုက်ပွဲဖြစ်ပွားမှုဖြစ်စဉ်များကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရတဲ့ စစ်ဘေးရှောင်ပြည်သူ ၂၇၈၅ ဦးတို့ကို ကျောက်မဲမြို့နယ်အတွင်း ဌာနဆိုင်ရာများပါဝင်တဲ့ ကြီးကြပ်မှုကော်မတီ၊ လုပ်ငန်းကော်မတီတို့နှင့် ကယ်ဆယ်ရေးစခန်း ၁၇ ခု ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် စခန်းအသီးသီးမှာ ကြိုတင်ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများ၊ ကူးစက်ရောဂါ စောင့်ကြည့်ခြင်းလုပ်ငန်းများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးအပါအဝင် အစားအသောက်များ ရောဂါကင်းရှင်းရေး ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် စခန်းလုံခြုံ ရေးနှင့် နယ်မြေလုံခြုံရေးတို့ကိုလည်း အလေးအနက်ထားဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါ တယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့သဘောထား ပြောကြားပေးပါ။

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်း နှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးစိုင်းထွန်းအောင်တင်သွင်းခဲ့တဲ့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကျောက်မဲမြို့နယ်ဒေသအတွင်း ဖြစ်ပွားနေသောတိုက်ပွဲများကြောင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ မိဘပြည်သူများ ဒုက္ခများစွာကြုံတွေ့နေရပါသဖြင့် အမြန်ဆုံး တိုက်ပွဲများရပ်ဆိုင်းနိုင်ရေးနှင့် စစ်ဘေးရှောင်ပြည်သူများ၏ လူမှုဒုက္ခများအား အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးအား တိုက်တွန်းကြောင်းအရေးကြီးအဆိုနှင့်ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တိုက်ပွဲဖြစ်ပွားမှုအခြေအနေအကျဉ်းချုပ်နှင့် တပ်မတော်မှနယ်မြေရှင်းလင်းဆောင်ရွက်မှုအခြေအနေများကို အကျဉ်းချုပ်ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ချုပ်ဆိုနိုင်ရေးအတွက် နိုင်ငံတော်အစိုးရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုကမ်းလှမ်းဖိတ်ခေါ်ခဲ့တဲ့အချိန်က ၂၀၁၁ ခုနှစ် ဩဂုတ်လမှစပြီး တပ်မတော်က ငြိမ်းချမ်းရေးမူဝါဒခြောက်ရပ် ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ကျောက်မဲမြို့နယ်၊ တော့ဆန်ကျေးရွာအနီးတဝိုက်တွင် TNLA သောင်းကျန်းသူအဖွဲ့နှင့် SSA ရွက်ဆစ်အဖွဲ့တို့ တိုက်ပွဲများဖြစ်ပွားနေမှုနှင့်ပတ်သက်၍ အကျဉ်းချုပ်တင်ပြလိုပါတယ်။ ကျောက်မဲမြို့နယ်၊ တော့ဆန်ကျေးရွာအနီးတဝိုက်တွင် TNLA သောင်းကျန်းသူအဖွဲ့နှင့် SSA ရွက်ဆစ်အဖွဲ့တို့ဟာ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့မှစတင်၍ တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် တော့ဆန်ကျေးရွာအနီး၌ တိုက်ပွဲများဆက်လက်ဖြစ်ပွားခဲ့ရာ TNLA သောင်းကျန်းသူအဖွဲ့များ ပြန်လည်ထွက်ခွာစဉ် တော့ဆန်ရွာမအရှေ့ကျေးရွာအစွန်ရှိ နေအိမ်လေးလုံးအား မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် တော့ဆန်ကျေးရွာမြောက်ဘက် ဘုရားကုန်း၌ အပြန်အလှန်တိုက်ပွဲများဖြစ်ပွားခဲ့ရာ ညောင်ပင်လှကျေးရွာရှိလူနေအိမ်တစ်လုံး လက်နက်ကြီးထိမှန်၍ မီးလောင်ပျက်စီးခဲ့ကြောင်း၊ ၎င်းအပြင် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် TNLA သောင်းကျန်းသူအဖွဲ့သည် တော့ဆန်စျေးကုန်းကျေးရွာရှိ ဒေသခံခြောက်ဦးနှင့်ဘုန်းတော်ကြီးနှစ်ပါးအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါတယ်။ အဆိုပါလက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းနှစ်ခုအနက် RCSS မှာ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် NCA မှာ လက်မှတ်ရေးထိုးပြီးဖြစ်တဲ့အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ ကျောက်မဲမြို့နယ်၊ တော့ဆန်ကျေးရွာအနီးတဝိုက်မှာ TNLA သောင်းကျန်းသူအဖွဲ့နှင့် SSA ရွက်ဆစ်အဖွဲ့တို့ တိုက်ပွဲဖြစ်ပွားမှုနှင့်ပတ်သက်ပြီး တပ်မတော်မှ နယ်မြေရှင်းလင်းဆောင်ရွက်မှုများကို ဆက်လက်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ကျောက်မဲမြို့နယ်၊ တော့ဆန်ကျေးရွာအနီးတဝိုက်မှာ TNLA သောင်းကျန်းသူအဖွဲ့နှင့် SSA ရှက်ဆစ်အဖွဲ့တို့ တိုက်ပွဲများဖြစ်ပွားနေ၍ ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်နေမှုနှင့် ပတ်သက်၍ တပ်မတော်အနေဖြင့် နှစ်ဖက်လက်နက်ကိုင်အဖွဲ့အစည်းအချင်းချင်း ပစ်ခတ်တိုက်ခိုက်မှုအတွက် အောက်ခြေအဆင့်နှင့် အဖွဲ့အစည်းခေါင်းဆောင်အချင်းချင်း ညှိနှိုင်းဆောင်ရွက်မှုများကို မြေပြင်သတင်းကြားသိချက်များအရလည်းကောင်း၊ နှစ်ဖက်အဖွဲ့အစည်းများ၏ ထုတ်ပြန်ကြေညာချက်များအရလည်းကောင်း၊ တိုင်းရင်းသားညီအစ်ကိုအချင်းချင်းဖြေရှင်းနေမှုကြောင့်လည်းကောင်း စောင့်ကြည့်လျက်ရှိသော်လည်း ဖေဖော်ဝါရီလ ၉ ရက်နေ့မှာ ဖြစ်စဉ်များကြားသိနေရမှုကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၀၈ ခုနှစ် အခန်း(၁) ပုဒ်မ ၂၀ ပုဒ်မခွဲ(င)အရလည်းကောင်း၊ အခန်း(၇) ပုဒ်မ ၃၄၁ အရလည်းကောင်း ပြဋ္ဌာန်းချက်များနှင့်အညီ နယ်မြေခံတပ်မဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်းသုံးရင်းဖြင့် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှစတင်ပြီး နယ်မြေရှင်းလင်းခဲ့တဲ့နေရာမှာ တပ်မတော်စစ်ကြောင်းများနှင့် TNLA သောင်းကျန်းသူအဖွဲ့တို့ဟာ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် နှစ်ကြိမ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် တစ်ကြိမ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် တစ်ကြိမ် စုစုပေါင်းလေးကြိမ် တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ဖေဖော်ဝါရီလ ၁၅ ရက်နေ့အထိ တပ်မတော်စစ်ကြောင်းများမှ တော့ဆန်ကျေးရွာအနီးတဝိုက်၌ နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီတိုက်ပွဲတွေကြောင့် စိုးရိမ်မကင်းဖြစ်ကြရတဲ့ ပြည်သူလူထုဟာ မိမိနေရပ်များမှ ရှောင်တိမ်းမှုများပြုလုပ်ခဲ့ကြပါတယ်။ မြေပြင်သတင်းများအရ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်ဒေသအတွင်းမှာ နေရပ်စွန့်ခွာရှောင်တိမ်းသူများစာရင်းမှာ ၁၀-၂-၂၀၁၆ ရက်နေ့မှ ၁၄-၂-၂၀၁၆ ရက်နေ့အထိ ကျား ၁၄၃၇ ဦး၊ မ ၂၁၈၇ ဦး စုစုပေါင်း ၃၆၂၄ ဦးရှိကြောင်း သိရှိရပါတယ်။ စစ်ဘေးရှောင်ပြည်သူများရဲ့ နေထိုင်စားသောက်ရေးအတွက် ကျောက်မဲမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုင်းလုံတပ်စခန်း၊ မြို့နယ်ရဲစခန်း၊ မြို့နယ်ရပ်မိရပ်ဖများမှ ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

ယခုရက်ပိုင်းအတွင်း တိုက်ပွဲဖြစ်စဉ်များမှာ NCA လက်မှတ်ရေးထိုးပြီးသော RCSS နှင့် TNLA လက်နက်ကိုင်တိုင်းရင်းသားအချင်းချင်း တိုက်ပွဲများဖြစ်ပွားလျက်ရှိခြင်းဖြစ်ပါတယ်။ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းအချင်းချင်း အောက်ခြေနှင့်ခေါင်းဆောင်ပိုင်းများလည်း အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းနေကြကြောင်း သိရှိရပါတယ်။ တပ်မတော်အနေဖြင့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းအချင်းချင်း ဖြေရှင်းနေမှုအပေါ် ပြေလည်စေရေး စိတ်ရှည်စွာအချိန်ယူစောင့်ပေးနေသော်

လည်း မပြေလည်သည့်အပြင် ယခုရက်ပိုင်းအတွင်းမှာ အပြန်အလှန် ကျေးရွာလူထုနှင့် ဘာသာရေး အဖွဲ့အစည်းများကိုပါ ဖမ်းဆီးသတ်ဖြတ်မှုများရှိလာသဖြင့် ဖေဖော်ဝါရီလ ၁၂ ရက်မှစ၍ ယခုဖြစ်စဉ် ဖြစ်ပွားလျက်ရှိတဲ့ ကျောက်မဲမြို့နယ်အတွင်း RCSS သို့ သတိပေးကန့်ကွက်၍ နယ်မြေအတွင်းမှ ပြန် ထွက်စေခြင်း၊ TNLA အဖွဲ့အား ကြိုတင်သတိပေး၍ နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိနေ ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ သဘောထားပြောကြားပေးပါ။

**ဦးဘုန်းဆွေ(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးဘုန်းဆွေဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ကျောက်မဲ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်ရဲ့ ပလောင်ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသနှင့် ကျောက်မဲမြို့နယ်ဒေသအတွင်း ဖြစ်ပွားနေသောတိုက်ပွဲများကြောင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ မိဘပြည်သူများ ဒုက္ခများစွာကြုံတွေ့နေရပါသဖြင့် အမြန်ဆုံး တိုက်ပွဲများ ရပ်ဆိုင်းနိုင်ရေးနှင့် စစ်ဘေးရှောင်ပြည်သူများ၏ လူမှုဒုက္ခများအား အမြန်ဆုံးဖြေရှင်းဆောင်ရွက် ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးအား တိုက်တွန်းကြောင်းအရေးကြီးအဆိုနှင့်စပ်လျဉ်းပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနအနေနဲ့ ဖြေကြားသွားမှာဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ပတ်သက်လို့ နိုင်ငံတော်အဆင့်မှာ ကော်မတီများ အဆင့်ဆင့်ဖွဲ့စည်းထားသလို တိုင်းဒေသကြီး/ ပြည်နယ်အဆင့်မှာလည်း ဝန်ကြီးချုပ်များက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များကို ဖွဲ့စည်းထားရှိပြီး ခရိုင်/မြို့နယ်အဆင့်အထိ အဆင့်ဆင့်ဖွဲ့စည်းထားရှိ ပြီးဖြစ်ပါတယ်။ ယခု စစ်ဘေးရှောင်ပြည်သူများနှင့်ပတ်သက်၍ ဆောင်ရွက်ရာမှာ ဗဟိုမှ လိုအပ်ချက် များကို ထောက်ပံ့ပေးပြီး သက်ဆိုင်ရာပြည်နယ်အစိုးရများက ဦးဆောင်ဖြေရှင်းရတဲ့ကိစ္စဖြစ်ပါတယ်။ ယခုဖြစ်စဉ်မှာ ကနဦးအနေနဲ့ သက်ဆိုင်ရာပြည်နယ်၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ က ကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်

ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ ဘေးသင့်အိမ်ထောင်စု ၅၅ဝ စုနှင့် ဘေးသင့်ပြည်သူ ၂၇၄၄ ဦးတို့အတွက် တစ်နေ့လျှင် လူတစ်ဦးကို ဆန်နှစ်ဗူးနှုန်းနှင့် ဆန်ခုနစ်ရက်စာ ၅၇၆၂၄ဝဝ ကျပ်နှင့် ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးဖြစ်တဲ့ ကျားလုံချည်၊ မလုံချည်၊ တီရှပ်၊ မျက်နှာသုတ်ပုဝါ၊ စောင်၊ ခြင်ထောင်၊ ကာဘော်လစ်ဆပ်ပြာ၊ ဒန်အိုး၊ ဇလုံပါ ယူနစ် ၅၅ဝ တန်ဖိုး ၁၂၁၃၆၃ဝဝ ကျပ်ကို ၁၅-၂-၂ဝ၁၆ ရက်နေ့မှာ ထောက်ပံ့ပေးခဲ့ပါတယ်။ စုစုပေါင်း ၁၇၈၉၈၇ဝဝ တန်ဖိုးရှိတဲ့ပစ္စည်းနဲ့ ငွေများ ထောက်ပံ့ပေးထားပြီးဖြစ်ပါတယ်။

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ပြည်နယ်ဦးစီးမှူးကိုယ်တိုင်လည်း ကျောက်မဲမြို့ကိုရောက်ရှိပြီး ပြည်နယ်အစိုးရရဲ့ဦးဆောင်မှုနှင့် စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါတယ်။ ၁၆ ရက်နေ့စာရင်းအရ အိမ်ထောင်စု ၁၄ဝ တိုးပြီး လူ ၅၁၁ ယောက် ထပ်မံတိုးတဲ့အတွက် အိမ်ထောင်စု ၆၉ဝ နဲ့ လူ ၃၁ဝ၁ ယောက်ဖြစ်ပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းစဉ်များအနေနဲ့ ပြောရမယ်ဆိုရင် ပထမဦးစွာ ဘေးကင်းလုံခြုံတဲ့အမိုးအကာအောက်ရောက်ရှိအောင် ဆောင်ရွက်ပေးရပါတယ်။ ပြီးနောက် လူဦးရေကိုအခြေခံပြီး ထောက်ပံ့ပေးခြင်းနှင့် စတင်ရပါတယ်။ ပြီးတဲ့အခါမှာ အိမ်ထောင်စုအလိုက် စာရင်းကောက်ယူမှတ်ပုံတင်ရပါတယ်။ ဒီနောက်မှာ ကျွေးမွေးစောင့်ရှောက်ဖို့ စီစဉ်တဲ့အခါမှာ မိသားစုအလိုက်ချက်ပြုတ်စားသောက်ရန် အခြေအနေမပေးသေးပါက အများနဲ့ ချက်ပြုတ်စားသောက်နိုင်အောင် စီစဉ်ပေးရပါတယ်။ ချက်ပြုတ်စားသောက်နိုင်ရန် အိုးကြီးခွက်ကြီး များလည်း စီစဉ်ပေးကြရပါတယ်။ အဆင့်ဆင့်သောကော်မတီများက လိုအပ်ချက်များတင်ပြလာပါက ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ လက်ရှိမှာတော့ ပြည်နယ်ဝန်ကြီးချုပ်ကလည်း ပြည်နယ်သဘာဝ ဘေးစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ဥက္ကဋ္ဌလည်းဖြစ်လို့ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနဲ့ ပေါင်းစပ်ပြီး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လက်ရှိ စားဝတ်နေရေးနှင့် သောက်သုံးရေရရှိရေးကို အရေးပေါ်ကာလမှာ ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပြီး ဘေးသင့်ပြည်သူများ မူလနေရာပြန်လည်နေထိုင်နိုင်ဖို့ ကြာမြင့်မယ်ဆိုရင်တော့ ကချင်ပြည်နယ်နှင့်ရခိုင်ပြည်နယ်များမှာလိုပဲ ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပြီး စောင့်ရှောက်ပေးသွားရမှာဖြစ်ပါတယ်။ အဲဒီလိုကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်တဲ့နေရာမှာလည်း ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ မသန်စွမ်း၊ ကိုယ်ဝန်ဆောင်မိခင်စတဲ့ ထိခိုက်လွယ်တဲ့အုပ်စုများကို အထူးကာကွယ်စောင့်ရှောက်ပေးမှုများ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ကယ်ဆယ်ရေးစခန်းများမှာ ကလေးသူငယ်တွေကို ကာတွန်းကားများ ဖွင့်လှစ်ပြသခြင်း၊ လူကြီးတွေကို အငြိမ့်ဟာသကားများ ပြသခြင်းဖြင့် စိတ်ပျော်ရွှင်မှုရရှိစေပြီး စိတ်ခံစားမှုသက်သာအောင်လည်း

ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။ ကယ်ဆယ်ရေးစခန်းတွေမှာ ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်တွေကို ညွှန်ကြားထားပြီးဖြစ်ပါတယ်။

ကျွန်တော်တို့ ကယ်ဆယ်ရေးလုပ်ငန်းစဉ်များအရ ဘေးဒုက္ခကျရောက်သူများကို စားဝတ်နေရေးနှင့် သောက်သုံးရေရရှိရေးတို့အတွက် အခက်အခဲမရှိအောင် ဆောင်ရွက်ပေးနိုင်အောင် ဆောင်ရွက်ထားပါတယ်။ ကျွန်တော်တို့ကိုယ်တိုင် နမ့်ဆန်မီးဘေးနှင့်လောက်ကိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ၁၃-၂-၂၀၁၆ ရက်နေ့မှ ခရီးထွက်ခဲ့ပြီး ၁၅-၂-၂၀၁၆ ရက်နေ့ ပြန်ခဲ့တဲ့ခရီးစဉ်မှာပဲ ကျောက်မဲမြို့စစ်ဘေးရှောင်ပြည်သူများနဲ့ပတ်သက်ပြီး အထက်ပါတင်ပြပါလုပ်ငန်းများအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ကယ်ဆယ်ရေးစခန်းတွေမှာ ကျန်းမာရေးဆိုင်ရာနဲ့ပတ်သက်ပြီး ကူးစက်ရောဂါမဖြစ်ပေါ်စေရေးသည် အထူးသတိပြုဆောင်ရွက်ရမှာဖြစ်ပါတယ်။ သက်ဆိုင်ရာဒေသမှာတော့ ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။ ဗဟိုကလည်း ကျန်းမာရေးအထောက်အကူပြုအဖွဲ့များစေလွှတ်သွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ဆက်လက်ပြီး တင်ပြလိုတာကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနသည် ကယ်ဆယ်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး စနစ်တကျဆောင်ရွက်စီမံပေးခြင်း၊ အပြည်ပြည်ဆိုင်ရာနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း၊ အာဆီယံနိုင်ငံများအချင်းချင်း ဘေးဒုက္ခကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်တွင်း/ပြည်ပမှလှူထားသော အလှူငွေနှင့်ပစ္စည်းများကို လက်ခံထိန်းသိမ်းပြီး အဆင့်ဆင့်သောကော်မတီများသို့ ညွှန်ကြားချက်နှင့်အညီ ဖြန့်ခွဲပေးနိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ မြေပြင်မှာ ဘေးသင့်ပြည်သူတွေဆီ တိုက်ရိုက်ထောက်ပံ့ပေးတဲ့လုပ်ငန်းစဉ်ကိုတော့ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများကဖွဲ့စည်းထားသော ကယ်ဆယ်ရေးအဖွဲ့များမှ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ကျောက်မဲမြို့နယ်အတွင်း ကယ်ဆယ်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီရဲ့ ကွပ်ကဲမှုအောက် ကော်မတီရှစ်ခု ဖွဲ့စည်းဆောင်ရွက်နေတာကို တွေ့ရပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ ဝန်ကြီးဌာနရဲ့လုပ်ငန်းများ မလစ်ဟင်းအောင် ဆောင်ရွက်နေသလို ဗဟိုနဲ့ တိုင်းဒေသကြီး/ပြည်နယ်တို့မှ အဆင့်ဆင့်သောကော်မတီများအား လှုပ်ရှားဆောင်ရွက်နိုင်အောင် စီမံဆောင်ရွက်ပေးနေပြီဖြစ်ပါတယ်။ ဘေးအန္တရာယ်ကြုံတွေ့တိုင်း စားဝတ်နေရေး၊ သောက်သုံးရေရရှိရေးလိုအပ်ချက်တွေကို အစိုးရအဖွဲ့နှင့် ကော်မတီအဆင့်ဆင့်က ဆောင်ရွက်နိုင်ကြပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေနဲ့လည်း လိုအပ်သော

ထောက်ပံ့မှုတွေကို ဆောင်ရွက်ပေးပြီး ဝန်ကြီးဌာနရဲ့ စိတ်၊ လူမှုရေးဆိုင်ရာပံ့ပိုးမှုအဖွဲ့များဟာလည်း ကယ်ဆယ်ရေးစခန်းများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ အမျိုးသမီးဦးဆောင်သောမိသားစုမှ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများစာရင်းကို ကယ်ဆယ်ရေး အဖွဲ့များနှင့် ညှိနှိုင်းကာ စာရင်းကောက်ယူခြင်း၊ စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်ဆွေးနွေးပေးခြင်း၊ အသိပညာ ပေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကယ်ဆယ်ရေးစခန်းများမှာ ရပ်ရွာ လူထုနှင့် မိဘများ၊ ကလေးသူငယ်များ ကလေးသူငယ်ကာကွယ်စောင့်ရှောက်အသိပညာပေးခြင်း၊ ကလေးသူငယ်များအတွက် အသက်အရွယ်အလိုက် အားကစားနည်းများလာရောက်ကစားနိုင်သော ကလေးပျော်နေရာများတည်ထောင်ပြီး နည်းပညာပံ့ပိုးခြင်း၊ ကလေးကစားစရာများ ထောက်ပံ့ပေး ခြင်းတို့ကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ အဓိကတာဝန်များကို ဆောင်ရွက်ရင်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဆင့်ဆင့်သောကော်မတီများရဲ့ လုပ်ငန်း ဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သမ္မတရုံးဝန်ကြီးဌာန-၄ ရဲ့ သဘောထားပြောကြားပေးပါ။

**ဦးအောင်မင်း(ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်၏ အရေးကြီးအဆိုကို ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းမှ ဖြေဆိုသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသည့် တအောင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်(TNLA)နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS) တို့၏ ပဋိပက္ခများသာဖြစ်ပါတယ်။ TNLA နှင့် RCSS တို့၏ အခြေအနေအချို့ကို တင်ပြသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဟု ခံယူပြီး ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန် ဦးစားပေးလုပ်ငန်းဖြင့်လုပ်ကိုင်ခဲ့ပါတယ်။ ၁၈-၈-၂၀၁၁ ရက်နေ့တွင် ငြိမ်းချမ်းရေးဆွေးနွေးရန် ကြေညာချက်များ ထုတ်ပြန်ပြီး တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကို ဖိတ်ခေါ်ခဲ့ပါတယ်။ နိုင်ငံတော် သမ္မတကြီးဦးဆောင်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးဗဟိုကော်မတီ (UPCC) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး

လုပ်ငန်းကော်မတီ (UPWC) တို့ကို ၃-၅-၂၀၁၂ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းများကို ဆောင်ရွက်စေခဲ့ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၆ ဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ယခုပဋိပက္ခဖြစ်ပွားလျက်ရှိသည့် တအောင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်(TNLA) မပါ ကျန်အဖွဲ့ ၁၅ ဖွဲ့နှင့် ပြည်နယ်အဆင့် သဘောတူစာချုပ်များ ချုပ်ဆိုနိုင်ခဲ့ပါတယ်။ တအောင်း အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) အဖွဲ့နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင် ရေးလုပ်ငန်းကော်မတီတို့ ၃၁-၇-၂၀၁၃ ရက်နေ့တွင် မူဆယ်မြို့မှာ တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပါတယ်။ သို့သော်လည်းပဲ အောင်မြင်မှုမရပါ။ သဘောတူညီမှုမရရှိခဲ့ကြောင်း တင်ပြအပ်ပါတယ်။

နောက်တစ်ကြိမ်ဆွေးနွေးပွဲကို ကျောက်မဲခရိုင်၊ နမ့်စန်မြို့၌ ဆက်လက်ပြုလုပ်ရန်စီစဉ်ခဲ့ သော်လည်း တိုက်ပွဲများဖြစ်ပွားနေ၍ ဆက်လက်မလုပ်နိုင်ကြောင်း တင်ပြအပ်ပါတယ်။ တအောင်း အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) အဖွဲ့နှင့် ပြည်နယ်အဆင့် သဘောတူစာချုပ်များ မချုပ်ဆိုနိုင်ခဲ့သော်လည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ဆွေးနွေးပွဲများတွင် တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) အဖွဲ့မှ ကိုယ်စားလှယ် များတက်ရောက်စေခဲ့ပါတယ်။ တဖက်မှလည်း ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ကို ဖွဲ့စည်းပြီးတော့ တရုတ်နိုင်ငံ၊ ရွှေလီမြို့သို့ သုံးကြိမ်တိုင်တိုင်စေလွှတ်ခဲ့ပြီး တအောင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော်(TNLA) အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစေခဲ့ပါတယ်။ ငြိမ်းချမ်းရေးအကျိုးဆောင်များမှာ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးမောင်ကျော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်မုန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းကျော်တို့ဖြစ်ကြပါတယ်။ ဦးအိုက်မုန်းဟာ ၂၀၀၅ ခုနှစ် နိုင်ငံတော်အစိုးရနှင့် လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ခဲ့စဉ်က ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်မတော် (PSLA) အဖွဲ့ကို ခေါင်းဆောင်သည့် ပုဂ္ဂိုလ်ဖြစ်ပါတယ်။ PSLA ငြိမ်းချမ်းရေးရယူစဉ်က ပလောင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးပါဝင်ခဲ့ပြီး TNLA အဖွဲ့သည် ၂၀၀၉ ခုနှစ်တွင် အသစ်ပြန်လည်ဖွဲ့စည်းခဲ့တဲ့ အဖွဲ့သစ်တစ်ခုပဲဖြစ်ပါတယ်။ ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲ ရေးသဘောတူစာချုပ် NCA ကို လက်မှတ်ရေးထိုးပြီး ၁၂-၁-၂၀၁၆ ရက်နေ့တွင် NCA စာချုပ်ပါ သဘောတူညီချက်များအတိုင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကို ကျင်းပပြီးဖြစ်ပါတယ်။

NCA စာချုပ်ဟာ တန်ဖိုးကြီးမားတဲ့စာချုပ်တစ်ခုဖြစ်ပါတယ်။ NCA စာချုပ်ကို နှစ်နှစ်ကြာရေးဆွဲခဲ့ရပါတယ်။ NCA စာချုပ်မှာ အချက်ပေါင်း ၁၁၀ ပါပြီးတော့ စစ်ရေးအရ ၅၅ ချက်၊ နိုင်ငံရေးအရ ၃၅ ချက်၊ အခြား အချက် ၂၀ ဖြစ်ပါတယ်။ နိုင်ငံတကာမှာ ချုပ်ဆိုခဲ့တဲ့ ငြိမ်းချမ်းရေးစာချုပ်များနှင့် နှိုင်းယှဉ်လေ့လာကြည့်မယ်ဆိုရင် ယခု NCA စာချုပ်ဟာ ပြီးပြည့်စုံတဲ့ စာချုပ်တစ်ခုဖြစ်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။ မြန်မာ Model လို့လည်း သတ်မှတ်ခြင်းခံရပါတယ်။ NCA စာချုပ်သာ လိုက်နာကြမယ်ဆိုရင် (၁) ပဋိပက္ခတွေချုပ်ငြိမ်းသွားမယ်။ (၂) တစ်မျိုးသားလုံး ပြန်လည်သင့်မြတ်ရေး ပြန်လည်စည်းရုံးရေးကို ဆက်လက်ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ ထို့ကြောင့် NCA စာချုပ်ကို တိတိကျကျလိုက်နာဖို့လိုအပ်ကြောင်းလည်း ထပ်မံတင်ပြလိုပါတယ်။ NCA စာချုပ်အရ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (GMC)ကို ဖွဲ့စည်းရမည်ဖြစ်ပြီး ပစ်ခတ်တိုက်ခိုက်မှုများချုပ်ငြိမ်းအောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ယခုအခါမှာ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရှစ်ဖွဲ့နှင့် GMC များကို ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်၊ ဒေသအဆင့်ဟူ၍ စတင်ဖွဲ့စည်းလျက်ရှိပြီး ပဋိပက္ခများကို လျှော့ချနိုင်ခဲ့ပြီဖြစ်ပါတယ်။ ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) သည် NCA စာချုပ်လက်မှတ်ရေးထိုးထား၍ အရပ်သားများနှင့်ဆက်ဆံရာတွင် စာချုပ်ပါစည်းကမ်းချက်များအားလိုက်နာရန် GMC မှ တစ်ဆင့် တိုက်တွန်းဆောင်ရွက်လျက်ရှိပါတယ်။ တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် TNLA သည် ပြည်နယ်အဆင့်စာချုပ်နှင့် NCA စာချုပ်များကို လက်မှတ်ရေးထိုးထားခြင်းမရှိ၍ အရပ်သားများနှင့် ဆက်ဆံရေးကိစ္စများ တိုက်ပွဲမဖြစ်ပွားစေရေးကိစ္စများတွင် ကြီးကြပ်ဆောင်ရွက်ရန် အခက်အခဲတွေရှိပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးကို လိုလားပါတယ်။ ပဋိပက္ခဖြစ်စဉ်များကို မလိုလားပါ။ ပဋိပက္ခများကို လက်နက်ကိုင်ဖြေရှင်းခြင်းထက် တွေ့ဆုံဆွေးနွေးအဖြေရှာရမှာဖြစ်ပါတယ်။ နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးနိုင်ရေး နိုင်ငံတော်အစိုးရမှ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျောက်မဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင်ရဲ့အဆိုနှင့် ပတ်သက်ပြီးတော့ ဆွေးနွေးတဲ့လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးကလည်း ထောက်ခံဆွေးနွေးထားပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးကလည်း ဒီကိစ္စတွေအားလုံးကို ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဆွေးနွေးထားတာ ရှိပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင်ရဲ့သဘောထားကို ပြောကြားပေးစေလိုပါတယ်။

**ဦးစိုင်းထွန်းအောင်(ကျောက်မဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော်၏အရေးကြီးအဆိုကို လွှတ်တော် ကိုယ်စားလှယ်များဝိုင်းဝန်းဆွေးနွေးထောက်ခံပေးတဲ့အတွက် ကျွန်တော် တွေ့မြင်ရပါတယ်။ လတ်တလော အတိဒုက္ခရောက်ရှိနေတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ မိဘပြည်သူများ၊ ပညာရေးဝန်ထမ်းဖြစ်ကြတဲ့ ဆရာဆရာမများ၊ ကျောင်းသူကျောင်းသားများအားလုံးရဲ့ကိုယ်စားကို အထူးပင်လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၏ မေးခွန်း၊ ကျွန်တော့်၏သဘောထားအရ လွှတ်တော်၏အဆုံးအဖြတ်ကိုသာ ခံယူသွားမှာဖြစ်တဲ့ အကြောင်းတင်ပြပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းထွန်းအောင် တင်သွင်းသွားတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦး ကဆွေးနွေးပြီး သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း ရှင်းလင်းပြောကြားသွားပြီး ဖြစ်ပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၄၀၇ မဲ၊ ကန့်ကွက်ဆန္ဒမဲ မရှိပါ။ ကြားနေဆန္ဒမဲ ၄ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံတဲ့ ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် ဦးစိုင်းထွန်းအောင် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိုင်ငံတကာဆက်ဆံရေးကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် နိုင်ငံတကာဆက်ဆံရေးက ကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှဝန်ကြီးများ ပြန်လည်ထွက်ခွာနိုင်ပါတယ်ခင်ဗျား။ အစီအစဉ် ၇ ကို ဆက်လက်ကျင်းပပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတကာဆက်ဆံရေးကော်မတီမှာ ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့်

အတွင်းရေးမှူးတို့၏အမည် စာရင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ၁၆-၂-၂၀၁၆ ရက်နေ့မှာ တင်ပြခဲ့ပါတယ်။ ထိုသို့ တင်ပြခဲ့တဲ့ ကော်မတီအဖွဲ့ဝင်များအဖြစ် လျာထားသော ဦးမောင်မြင့်၊ မင်းကင်းမဲဆန္ဒနယ်အစား ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်ကို အစားထိုး ဖွဲ့စည်းမှာဖြစ်ကြောင်း အသိပေးတင်ပြပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ နိုင်ငံတကာဆက်ဆံရေးကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် နိုင်ငံတကာဆက်ဆံရေးကော်မတီမှာ ဥက္ကဋ္ဌ အဖြစ် ဒေါ်စုစုလွင်၊ သုံးခွမဲဆန္ဒနယ်အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးဘိုဘိုဦး၊ စမ်းချောင်းမဲဆန္ဒနယ်အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် -

| | | | |
|---|---|---|---|
| (၁) | ဒေါ်ပြုံးကေသီနိုင် | ကလောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၂) | ဒေါ်ခင်နှင်းသစ် | ပန်းတောင်းမဲဆန္ဒနယ် | ။ |
| (၃) | ဦးမျိုးဇော်အောင် | ကောလင်းမဲဆန္ဒနယ် | ။ |
| (၄) | ဦးနိုင်ထူးအောင် | နွားထိုးကြီးမဲဆန္ဒနယ် | ။ |
| (၅) | ဦးဇာနည်မင်း | ရွှေကူမဲဆန္ဒနယ် | ။ |
| (၆) | ဦးကံဦး | စလင်းမဲဆန္ဒနယ် | ။ |
| (၇) | ဦးဇော်သိန်း | ဝါးခယ်မမဲဆန္ဒနယ် | ။ |
| (၈) | ဦးစိုင်းဆိုင်မိုင်း | မိုင်းကိုင်မဲဆန္ဒနယ် | ။ |
| (၉) | ဦးဦးထွန်းဝင်း | ကျောက်တော်မဲဆန္ဒနယ် | ။ |
| (၁၀) | ဒေါ်မိကွန်ချမ်း | ပေါင်မဲဆန္ဒနယ် | ။ |
| (၁၁) | ဒေါ်နန်းမိုး | မန်တုံမဲဆန္ဒနယ် | ။ |
| (၁၂) | ဦးစိုင်းဝေါင်းဆိုင်ဟိန်း | မောက်မယ်မဲဆန္ဒနယ် | အဖွဲ့ဝင် နှင့် |

(၁၃) ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဦး တပ်မတော်သားကိုယ်စားလှယ် ။

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီတွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၈ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီမှာ ပါဝင်မယ့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့ ၁၆-၂-၂၀၁၆ ရက်နေ့တွင် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်အားလည်းကောင်း၊ အတွင်းရေးမှူး အဖြစ် ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် -

(၁) ဦးစောတင်ဝင်း ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ် အဖွဲ့ဝင်

| | | | |
|---|---|---|---|
| (၂) | ဒေါက်တာစိုးမိုးသူ | မြောင်းမြမဲဆန္ဒနယ် | ။ |
| (၃) | ဦးလဂန်ဇယ်ဂျုံး | ဝိုင်းမော်မဲဆန္ဒနယ် | ။ |
| (၄) | ဦးကျော်မြင့် | တိုက်ကြီးမဲဆန္ဒနယ် | ။ |
| (၅) | ဦးကျော်မျိုးမင်း | မိုးညှင်းမဲဆန္ဒနယ် | ။ |
| (၆) | ဦးမြတ်လေးဦး | ထီးလင်းမဲဆန္ဒနယ် | ။ |
| (၇) | ဦးထွန်းထွန်းနိုင် | ကနီမဲဆန္ဒနယ် | ။ |
| (၈) | ဦးဇော်မင်းလွင် | မတ္တရာမဲဆန္ဒနယ် | ။ |
| (၉) | ဦးအောင်မြင့်ရှိန် | မဘိမ်းမဲဆန္ဒနယ် | ။ |
| (၁၀) | ဦးစိုင်းဘသိန်း | လင်းခေးမဲဆန္ဒနယ် | ။ |
| (၁၁) | ဒေါ်နီနီမေမြင့် | တောင်ကုတ်မဲဆန္ဒနယ် | ။ |
| (၁၂) | ဦးဖေသန်း | မြေပုံမဲဆန္ဒနယ် | အဖွဲ့ဝင် နှင့် |
| (၁၃) | ဗိုလ်မှူးကြီးအောင်သီဟ | တပ်မတော်သားကိုယ်စားလှယ် | ။ |

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီတွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်း ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကို လည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် တိုင်းရင်းသား ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ကို ဆက်လက်ဆောင်ရွက်ပါ့မယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီမှာ ပါဝင်မယ့်

အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့ ၁၆-၂-၂၀၁၆ ရက်နေ့မှာ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးခွန်မောင်သောင်း၊ ပင်လောင်းမဲဆန္ဒနယ်အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးအင်ထုံးခါးနော်ဆမ်၊ မြစ်ကြီးနားမဲဆန္ဒနယ်အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် -

| | | | |
|---|---|---|---|
| (၁) | ဒေါက်တာစိုင်းလှသိန်း | ချမ်းမြသာစည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၂) | ဦးပဲ့ဒူ | ဖရူဆိုမဲဆန္ဒနယ် | ॥ |
| (၃) | ဦးစိုးဌေး | ကော့ကရိတ်မဲဆန္ဒနယ် | ॥ |
| (၄) | ဦးစိန်အောင် | ပလက်ဝမဲဆန္ဒနယ် | ॥ |
| (၅) | ဒေါက်တာလှိုင်မြင့်ဟန် | ကန့်ဘလူမဲဆန္ဒနယ် | ॥ |
| (၆) | ဦးကျင်ဝမ်း | ဟိုပန်မဲဆန္ဒနယ် | ॥ |
| (၇) | ဒေါ်မြခွာညိုဦး | ရွှေတောင်မဲဆန္ဒနယ် | ॥ |
| (၈) | ဦးထွန်းကျော် | နမ့်ခမ်းမဲဆန္ဒနယ် | ॥ |
| (၉) | ဦးလမာနော်အောင် | အင်ဂျန်းယန်မဲဆန္ဒနယ် | ॥ |
| (၁၀) | ဦးထွန်းမြအောင် (ခ) ဦးစောထွန်းမြအောင် | ဖာပွန်မဲဆန္ဒနယ် | ॥ |
| (၁၁) | ဦးလှထွန်းကျော် | မောင်တောမဲဆန္ဒနယ် | ॥ |

(၁၂) ဒေါ်နန်းခမ်းအေး နမ္မတူမဲဆန္ဒနယ် အဖွဲ့ဝင် နှင့်

(၁၃) ဗိုလ်ချုပ်သန်းထွတ်သိန်း တပ်မတော်သားကိုယ်စားလှယ် ။

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဒီအစီအစဉ်အပြီးမှာပဲ ရပ်နားပါ့မယ်။ ကျန်တဲ့ အစီအစဉ်များကို နောက်နေ့များမှာ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် ကြာသပတေးနေ့ နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၁း၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]